

မြမြဝင်း
သည်းရွှာနနှု
ဒုတိယအကြိမ်

# အခန်း(၁)

## သည်းလှ္ဘာနုနု

## မြမြစိမ်း

## အခန်း(၁)

က။

အသူရိန်နေမင်း၏ လင်းနှင့် တူသည့် အဖသည် ကွယ်လွန်ခဲ့ပြီ ဖြစ်၏ ။ ဝင်းပရွှန်းမြသော စန်းသော်တာ၏ အလင်းနှင့် တူသည့် အမိကိုလည်း သူမတွေ့ခဲ့ရ။ မလင်းတစ်လှည့်၊ လင်းတစ်လှည့် နှင့် မှုန်ဝါးဝါးကြယ်တာရာကလေးကဲ့သို့ သော သူ့မှီခိုအားထားနေရသည့် ဘွားဘွားဒေါ်ခေမာသီသည် လည်း မကြာမီသူ့ထံပါးမှ ပုန်းလျှိုးပျောက်ကွယ်ပေတော့မည် ။

သူ့တွင် ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိတော့ပြီ။ သေမင်းနှင့် ဆရာဝန်၊ ဘွားဘွားဒေါ်ခေမာသီ ၏ အသက်ကို လွန်ဆွဲနေကြသည်ကိုသာ သူသည် မျက်ရည်များပြည့်အိုင်နေသော မျက်လုံးအစုံဖြင့် မလှုပ်မယှက် စူးစိုက်ကြည့်နေရှာလေ၏ ။

`စော`

တစ်ခွန်းခေါ်ရုံမျှနှင့် သူကမကြား။

`စောရယ်`

သူ့လက်မောင်းကလေးကို ကြင်နာယုယစွာ ဆုပ်ကိုင်၍ ဒုတိယအကြိမ် သူ့အမည် ကို တစ်စုံတစ် ယောက် သော သူက ခေါ်လိုက်မှ သူသည် အိပ်မောကျရာမှ ရုတ်တရက် လန့်နိုးလာသူတစ်သီးကဲ့သို့ သူ့အားခေါ်နေသူကို ဖျတ်ကနဲ

လှည့်ကြည့်လိုက်သည်။

`စော… ငိုလိုက်စမ်းပါ၊ အားရအောင် ငိုပစ်လိုက်စမ်းပါစောရယ်`

သူက ဦးခေါင်းကို ယမ်းခါနေ၏ ။

မိန်းမောမေ့မြောနေသော ဘွားဘွားခေမာသီသည် သတိပြန်လည်ရရှိလာပြန်၏ ။

`စော… မြေးမလေး`

စောမြတ်နွယ်က ခုတင်အနီးသို့ တစ်မုဟုတ်ချင်းရောက်ရှိသွားကာ အကြောပြို ငြိုးပြိုင်းထနေ သော ဘွားဘွားခေမာသီ၏ လက်ကို ယုယစွာ ဆုပ်ကိုင်၍ သူမ၏ ရင်တွင် အပ်ထားလိုက်သည်။

`ဘွားဘွား… စောအနားမှာ ရှိတယ်လေ`

`အင်း….. မြေးမကလေးကို ဘွားဘွား မှာ ခဲ့စရာတွေ ရှိသေးတယ်`

စောမြတ်နွယ်၏ ရင်ထဲတွင် တင်းကျပ်ဆို့နင့်လာ၏ ။

` ဘာတွေ လျှောက်ပြောနေတာလဲ ဘွားဘွားရယ်၊ ဘွားဘွားနေကောင်းသွားမှာပါ။ မောနေ လိမ့်မယ်။ စကားသိပ်မပြောနဲ့နော်`

`ဘွားဘွားကိုယ်ကို ဘွားဘွားသိပါတယ် မြေးမလေးရယ်။ ဘွားဘွားပြောချင်တာတွေ ကို ပြောခဲ့ မှာ ခဲ့ပါရစေ။ ဘွားဘွားအတွက် အချိန်သိပ်မရှိတော့ဘူး။ မြေးမကလေးကို ဘွားဘွားပြောခဲ့ချင် တာတွေ မပြောခဲ့ရရင် ဘွားဘွားအသေဖြောင့်မှာ မဟုတ်ပါဘူးကွယ်။ ဘွားဘွားကို ပါရမီဖြည့်စမ်းပါ မြေးမလေးရယ်`

စောမြတ်နွယ်က အံကိုတင်းတင်းကြိတ်ထားလိုက်၏ ။

`ဘွားဘွားကိုယ်က ချွေးခံအင်္ကျီအိတ်ထဲမှာ အထုပ်ကလေးတစ်ခုရှိတယ်။

မြေးမကလေး ထုတ်ယူလိုက်စမ်းပါ`

စောမြတ်နွယ်သည် ဘွားဘွားခေမာသီ၏ ချွေးခံအင်္ကျီအိတ်ထဲမှ အိတ်ရှုံ့ကလေးနှင့် ထုတ်ထား သည့် အထုပ်ကလေးကို ထုတ်ယူလိုက်သည်။

`အထုပ်ကလေးကို ဖြေလိုက်ငါ့မြေး`

စောမြတ်နွယ်က အထုပ်ကလေးကို ဖြေလိုက်သည့်တွင် အသွေးအရည်ကောင်းသော မဟူရာ လည်ဆွဲတစ်ကုံးနှင့် ပတ္တမြားလက်စွပ်တစ်ကွင်းကို တွေ့ရှိရပေသည်။

`အဲဒီ လည်ဆွဲနဲ့ လက်စွပ်က မြေးမကလေးမေမေရဲ့ ပစ္စည်းတွေ ပဲ။ မြေးမကလေးမေမေက တစ်နေ့ ဒီပစ္စည်းတွေ ကို မြေးမကလေးကိုပေးခဲ့ဖို့ ဘွားဘွားကို မှာသွားခဲ့တယ်`

`စောရဲ့ မေမေက သာမန်ပဲပြုတ်သယ်မလေးဆိုတာ မဟုတ်တော့ဘူးပေါ့။ ဟုတ်လား ဘွားဘွား`

`အင်း..... မြေးမကလေးမေမေရဲ့ ဆန္ဒအတိုင်း ဘွားဘွားက မြေးမကလေးရဲ့ မေမေဟာ သာမန် ဆင်းရဲသူမကလေး တစ်ယောက် လို့ ပြောပြခဲ့တာပဲ။ ခင်မျိုးမြတ်ဟာ ဘိုးဘွားဘီဘင်အဆက် ဆက်က ကြွယ်ဝချမ်းသာတဲ့ သူဌေးမျိုးရိုးက ဆင်းသက်လာတဲ့ မိန်းကလေး။ တကယ်တော့ ခင်မျိုးမြတ်ဟာ ဘွားဘွားရဲ့ သမီးအရင်းလဲမဟုတ်ဘူး။ စောမြတ်နွယ်ဟာလဲ ဘွားဘွားရဲ့ မြေးအရင်း မဟုတ်ဘူး။ ခင်မျိုးမြတ်ဟာ ကံမကောင်းအကြောင်းမလှလို့ ဘွားဘွားဆီမှာ မှီခိုနေသွားခဲ့တဲ့ မိန်းကလေး တစ်ယောက် ပဲ။ ကုသိုလ်ကံ အင်မတန်ဆိုးဝါးရှာတဲ့မိန်းကလေးပဲ မြေးမကလေးရယ်`

•••

ခင်မျိုးမြတ်....

ကုဋေကြွယ်သော သူဌေးကြီး ဦးဘောဂ၊ ဒေါ်သုဇာတို့၏ ချစ်မငြီးသော တစ်ဦးတည်းသော သမီးကညာကလေး.....။

နွဲ့နွဲ့၊ လှလှ၊ သိမ်သိမ်မွေ့မွေ့နှင့် အိန္ဒြေရှင်မကလေး ခင်မျိုးမြတ်ကို ရာသက်ပန် အရိုးမြေကျတိုင် ပေါင်းလိုလှပါသည်ဟု ကမ်းလှမ်းလာကြသူတွေ က တစ်ပုံတစ်ပင်။

သူဌေးကြီး ဦးဘောဂတို့လင်မယားမှာ သမီးလှကညာ ခင်မျိုးမြတ်အတွက် နေ့စဉ်နှင့် အမျှပူပင် သော ကရောက်နေကြရပေ၏ ။ ကြာတော့ ဦးဘောဂသည် ခင်မျိုးမြတ်အား ဆွေရိပ်မျိုးရိပ်မကင်းသူ မောင်သော နဆိုသူနှင့် အိမ်ထောင်ချပေးရန် စိုင်းပြင်းတော့၏ ။

`အမေရယ်..... ခင်မျိုးအိမ်ထောင်မပြုချင်သေးပါဘူး။ ခင်မျိုးအသက်လဲ ငယ်ပါသေးတယ်။ ခင်မျိုးအပျိုဘဝနဲ့ လွတ်လွတ်လပ်လပ်နေပါရစေဦးအမေရယ်နော်`

မိခင်၏ ရင်ခွင်တွင် ဦးခေါင်းကလေးတိုးဝင်ကာ ခင်မျိုးမြတ်က တောင်းပန်နေရှာ၏ ။

`သမီးအဖေရဲ့ ဩဇာကို ဒီအိမ်ကြီးမှာ ဘယ်သူလွန်ဆန်နိုင်သလဲသမီးရယ်။ သမီးကလေး မဟုတ်မဟပ်တဲ့လူနဲ့ အကြောင်းပါသွားမှာ ကို သမီးအဖေက သိပ်ကြောက်တာ။ မောင်သော နက သဘောကောင်း၊ မနောကောင်းကလေးပါပဲသမီးရယ်။ သမီးကိုလဲ သိပ်ချစ်ရှာတာ။ သမီးအဖေရဲ့ စကားကို နားထောင်လိုက်ပါနော်`

`ဟင့်အင်း....ဟင့်အင်း....ခင်မျိုး သူ့ကိုမချစ်ဘူး။ လင်လဲမတော် ချင်ဘူး။ ခင်မျိုးကို အတင်း လက်ထပ်ပေးရင်တော့ ခင်မျိုးသတ်သေပစ်လိုက်မှာ ပဲ`

`ဘာပြောတယ်အမိုက်မ။ သတ်သေပစ်လိုက်မယ်ဟုတ်လား။ အေး....နင့်ဘာသာနင် သတ်သေသေ၊ မသေသေ ငါ ကတော့ ဆုံးဖြတ်ပြီးသားကို ဘယ်တော့မှ ပြန်မပြင်ဘူး။ သတ်သေသွား လို့ ငိုရလှ ခုနစ်ရက်ပဲ၊ ကြားလား မိခင်မျိုး`

ရတ်တရက် ဝင်ရောက်လာကာပြောချလိုက်သော ဦးဘောဂ၏ အသံက မာကျောလှ၏ ။ မိုးကြိုး လက်နက်ထက်ပင် ကြောက်မက်ဖွယ်ရာကောင်းလွန်းလှ၏ ။ ခင်မျိုးမြတ်သည် မိခင်၏ ရင်ခွင်တွင် မျက်နှာကလေးကို အတင်းတိုးကပ်ကာ တင်းကျပ်စွာ ဖက်ထားနေ၏ ။

`သမီးရယ် စိတ်ကိုလျှော့စမ်းပါ။ ဆင်စီးလို့မြင်းရံတာကို ကြည့်လိုတဲ့ သမီးအဖေရဲ့ ဆန္ဒကို လိုက်လျောလိုက်စမ်းပါကွယ်။ ထွက်ပြီးတဲ့ဆင်စွယ် ဝင်တယ်လို့မရှိဘူးဆိုပေမယ့် ပြန်ဝင်ကောင်း ဝင်လိမ့်မယ်။ သမီးအဖေရဲ့ စကား ကတော့ ပြတ်သားပြီးသား။ တစ်ပြားသားမှ အလျှော့ပေးမှာ မဟုတ် ဘူး။ မှန်းစမ်း၊ မျက်ရည်တွေ လဲကျလို့ တိတ်စမ်းပါသမီးရယ်။ အမေလဲ စိတ်ဆင်းရဲလှပါတယ်`

ဒေါ်သူဇာသည် သမီးငယ်မျက်နှာပေါ်မှ မျက်ရည်စများ ကြင်နာယုယစွာ သုတ်ပေးနေ၏ ။

ဦးဘောဂ၏ အသည်းနှလုံးက ကျောက်ဆောင်ကျောက်သားကဲ့သို့ မာကျောလွန်းလှသော် လည်း အမိဒေါ်သူဇာ၏ နှလုံးသားများ ပျော့ပျောင်းနူးညံ့လွန်းလှ၏ ။ သူ၏ ရင်ခွင်တွင် တစ်ရှုံ့ရှုံ့ရှိုက်ငိုနေသော သမီးငယ်၏ ဦးခေါင်းကလေးကို အသာပွတ်သပ်ပေးရင်း သူ၏ မျက်နှာပြင်ပေါ်တွင် လည်း မျက်ရည်တွေ က ချောင်းစီးနေ၏ ။ အားနွဲ့သော မိန်းမသားများ အဖို့ မျက်ရည်သည် နောက်ဆုံးအဖော် ပင် မဟုတ်ပါလော်။

`ခင်မျိုး....`

ခုတင်ပေါ်တွင် နွမ်းယိုင်ပျော့ခွေနေသော ခင်မျိုးမြတ်သည် သစ်သစ်ခိုင်၏ အသံကို ကြားလိုက် ရ၍ ဆတ်ကနဲခေါင်းထောင်ကြည့်လိုက်မိသည်။

`ဟင်....သစ်သစ်`

`ဘယ်လို ဖြစ်နေတာလဲ ခင်မျိုးရယ်`

ခုတင်ပေါ်တွင် ထိုင်ကာ ခင်မျိုးမြတ်၏ ကိုယ်ကလေးကိုဖက်လိုက်ရင်း

သစ်သစ်ခိုင်က မေးနေပေ၏ ။

`အမေနဲ့ မတွေ့ခဲ့ဘူးလားဟင်`

`ကြီးကြီးသူဇာနဲ့ သစ်သစ်တွေ့ပြီးခဲ့ပါပြီ`

`ဒါနဲ့များ ခင်မျိုးဘာ ဖြစ်နေတယ်ဆိုတာကို သစ်သစ်က မေးနေရသေးလားကွယ်`

`အင်း....သစ်သစ် ခင်မျိုးအတွက် စိတ်မကောင်းလိုက်တာ`

`အဖေ့စကားတစ်လုံးဟာ ဖြုံရာကမမည်းဘူး။ မည်းရာကလဲ ဘယ်တော့မှ မဖြူတတ်ဘူးဆို တာ သစ်သစ်အသိပဲမဟုတ်လားဟင်။ သူပေးစားမဲ့အစ်ကိုကြီးသော နကို ခင်မျိုး ဘယ်နည်းနဲ့မှ မယူနိုင်ဘူး။ ခင်မျိုးရဲ့ အသည်းနှလုံးနဲ့မေတ္တာကို စုပုံပေးထားပြီးတဲ့ ခင်မျိုးရဲ့ ချစ်ဦးသူကလွဲလို့ ခင်မျိုး ဘယ်သူ့ကိုမှ မယူနိုင်ဘူး။ သူကပါ ခင်မျိုးကို ဆန့်ကျင်လာရင် ခင်မျိုးတော့ သတ်သေပစ်လိုက်မှာ ပဲ`

`ခင်မျိုးရဲ့ ဉာဉ်ကို သစ်သစ်သိတယ်။ ဘာမဆို တစ်ဇွတ်ထိုးတော့ မလုပ်လိုက်ပါနဲ့ သူငယ်ချင်း ရယ်။ ကိုမောင်မောင်နဲ့လဲ တိုင်ပင်ကြည့်ပါဦး`

သစ်သစ်ခိုင်သည် သူငယ်ချင်းအတွက် စိတ်ပူလွန်းလှဟန်ရှိ၏ ။

`ဟုတ်တယ်။ ဒါကိုတော့ ခင်မျိုးစဉ်းစားထားပြီးသားပဲ။ ညကျရင် အခြေအနေကြည့်ပြီးတော့ ကိုမောင့်ဆီကို ခင်မျိုးသွားမယ်`

`ခင်မျိုးနဲ့ ကိုမောင်မောင် ရည်ငံနေတဲ့အကြောင်းကို ဦးဦးက သိသွားလို့ ခုလို ဖြုန်းစားကြီး ကိုသော နနဲ့ နေရာချပေးမှာ လားကွယ်`

သစ်သစ်ခိုင်က ခင်မျိုးမြတ်လက်ကလေးကို ဆုပ်ကိုင်ထားရင်း မေးနေ၏ ။

`မဟုတ်ပါဘူး။ သူတို့မရိပ်မိကြသေးပါဘူး။ ကိုမောင်နဲ့ ခင်မျိုးအကြောင်းကို သိကြတာ ဒေါ်အိနဲ့ သစ်သစ်ပဲရှိကတာပါ`

`ဟင်း…`

သစ်သစ်ခိုင်က သက်ပြင်းချနေ၏ ။

`သစ်သစ်ပြန်လိုက်ဦးမယ်ခင်မျိုး။ နေနေလဲ ကျောင်းကပြန်လာပြီး နေမကောင်းချင်သလိုလို ဖြစ်နေတယ်။ မနက်ဖြန်မှ သစ်သစ်တစ်ခေါက်လာခဲ့ဦးမယ်။ သိပ်လဲ ငိုမနေပါနဲ့ခင်မျိုးရယ်။ ကြီးကြီး သူဇာ အခုတောင် တော် တော် စိတ်ထိခိုက်နေရှာတာ`

ခင်မျိုးမြတ်သည် သစ်သစ်ခိုင် ဘာတွေ ပြောနေသည်ကို မကြား။ သူ့အနီးမှ သစ်သစ်ခိုင် ထွက်ခွာသွားသည်ကိုလည်း မသိတော့။ သူ၏ စိတ်အာရုံက လေကာပြတင်းမှကျော်ကာ အနောက် စူးစူးဆီသို့ တစ်ဖြည်းဖြည်း ပုန်းလျှ းပျောက်ကွယ်လုနီးနေသော နေဝန်းနီနီကြီးဆီသို့ သာ ရောက်ရှိ၍ နေပေ၏ ။

နေဝန်းနီနီပျောက်ကွယ်သည်နှင့် အမှော င်ထုက လူ့လောကတစ်ခွင်ကို လွှမ်းမိုးစပြုလာပြီ ဖြစ် သည်။ စက္ကန့်နာရီ ရွေ့လျားလေတိုင်း နက်ရှိုင်း၍ လာပေ၏ ။ ကောင်းကင်ပြင်တွင် မှိတ်တုတ် မှိတ်တုတ်နှင့် ကြယ်ပွင်ကလေးများ ၏ ရောင် ခြည် ကတော့ ရှိနေပါ၏ ။ နေမင်း၏ ရောင် ခြည်လို မထွန်းလင်း၍ လူ့လောက၏ အရာဝတ္ထုမှန်သမျှကို ပီပီပြင်ပြင်မမြင်ရ။ လရောင် ကဲ့သို့ မထွန်းလင်း၍ လည်း လူ့လောက၏ သဘာဝအလတို့သည် လှပရှုချင်စဖွယ်တင့်တယ်ခြင်းမရှိကြ။ ပုပုရွရွလှုပ်လှုပ်ရှား ရှားသတ္တဝါမှန်သမျှတို့သည် မလင်းတစ်လှည့် လင်းတလှည့် ဖြစ်နေသော ကြယ်ပွင့်ကလေးများ ၏ ရောင် ခြည်ဖျော့ဖျော့အောက်တွင် ပိုးတိုးဝါးတားမှု န်မှု န်မွှားမွှားနှင့် ပီပြင်ခြင်းကင်းမဲ့၍ နေပေသည်။

အိပ်ရာထက်တွင် လဲလျောင်းကာ အချိန်နာရီကို စောင့်စားနေသော ခင်မျိုးမြတ်၏ နားထဲသို့ ညင်သာငြိမ့်ညောင်းသော စောင်းသံက တစ်ငြိမ့်ငြိမ့်ဝင်ရောက်လာ၏ ။ သူသည် လဲလျောင်းရာမှ စောင်းသံကို နားစင့် နေမိပေ၏ ။

××× ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေး× လေးဆူဒီပါ သီတာရေမြေဆုံးစေ တော့လေး××။

စောင်းသံနှင့် အတူ ငြိမ့်ညောင်းသာယာစွာ ထွက်ပေးလာသည့် ချစ်သူ၏ နှုတ်ဖျားမှတေးသံ ကြောင့် ခင်မျိုးမြတ်၏ ရင်သည် ပုစွန်ဆိတ်ကလေးတစ်ကောင်လို တစ်ဆတ်ဆတ်ခုန်၍ လာ၏ ။

`အင်း.... ချစ်နေ .... ချစ်နေ.... သူ့မှာ တော့ တစ်နေ့ထက်တစ်နေ့ ချစ်တာကို စာဖွဲ့လို့မဆုံးနိုင်ဘူး။ ရှင်နေလိုက်တာ။ ခင်မျိုးရဲ့ ရင်ထဲမှ မီးတောက်နေတာကို သူဘာမှမသိပါလားနော်`

ခင်မျိုးမြတ်သည် တစ်ကိုယ်တည်းကြိတ်၍ မချင့်မရဲ ဖြစ်နေပေ၏ ။

အပ်ကျသံမျှပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးတွင် တိုင်ကပ် နာရီကြီး၏ ဆယ့်တစ်ချက်တီးခတ်လိုက်သံက ပီပြင်ပြတ်သားစွာ ထွက်ပေါ်လာ၏ ။

ခင်မျိုးမြတ်သည် လဲလျောင်းအိပ်စက်နေရာမှ အသာထကာ ညင်သာပေါ့ဖွသော ခြေလှမ်း ကလေးများ ဖြင့် အောက်ထပ်ဆီသို့ ဆင်းလာတော့၏ ။

ပိန်းပိတ်အောင်မှော င်နေသော အခန်းတစ်ခုတွင် မီးကျည်ကလေးတစ်ခုက ရဲကနဲ ဖြစ်သွားလိုက် မှေးမှိန်လိုက် ဖြစ်နေသည်ကို ခင်မျိုးမြတ် တွေ့ရှိလိုက်ရ၏ ။ ဒေါ်အိ တစ်ယောက် သူ့အား ထိုင်စောင့်နေ ကြောင်းကို အတပ်သိလိုက်၏ ။

`ဒေါ်အိ`

တိုးတိုးညင်ညင်ကလေး ခင်မျိုးမြတ်က ခေါ်လိုက်သည်။

`ဟဲ့.... ဆင်းလာပြီလား`

လက်ထဲမှ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အသာချကာ ဒေါ်အိက လေသံဖြင့် ပြန်မေးနေသည်။

`ဟုတ်တယ်။ အဖေတို့ အိပ်သွားကြပြီလား`

`အေး..... အေး..... ဒေါ်အိနောက်ဖေးတံခါးဖွင့်ထားတယ်။ ခင်မျိုး မြန်မြန်သွားပြီး

မြန်မြန်ပြန်ခဲ့နော်`

`အင်းပါ။ ခင်မျိုးသိပ်မကြာပါဘူး။ မတော် လို့ အဖေတို့များ နိုးလာရင် ခင်မျို းအပေါ့အပါးသွား တယ်လို့ပြောနော်`

`ငါ့ကို ဆရာလုပ်မနေစမ်းပါနဲ့မျိုးမျိုးရယ်။ သွားမှာ သာ သွားစမ်းပါ`

ခင်မျိုးမြတ်သည် နောက်ဖေးတံခါးမှ ဥယျာဉ်မှူး မောင်မောင်၏ အဆောင်ကလေးရှိရာသို့ ခပ်သွက်သွက်ကလေး ထွက်လာ၏ ။

ရေနံဆီမီးအိမ်အောက်တွင် စောင်းအိုကြီးကိုပိုက်ကာ တေးကျူးတီးခတ်နေသော မောင်မောင် သည် ခင်မျိုးမြတ် သူ့အနီးသို့ ရောက်ရှိနေသည်ကိုပင်မသိ။

`ကိုမောင်`

သူ့အနီးမှကပ်၍ ထွက်ပေါ်လာသော ခင်မျိုးမြတ်၏ ခေါ်သံကို ကြားလိုက်ရလျှင် မောင်မောင် သည် လန့်ဖျပ်တုန်လှုပ်သွား၏ ။

`ဟင်.... ခင်မျိုး။ အချိန်မတော် ဘာလို့ဆင်းလာတာလဲ`

`အပြစ်တင်မစောပါနဲ့ ကိုမောင်ရယ်။ အပြစ်တင် မစောပါနဲ့`

`အို.... မျက်နှာလဲပျက်လို့။ မျက်စိတွေ လဲနီလို့။ ခင်မျိုးနေမကောင်းဘူးလားဟင်။ မှန်း....`

ပူပင်သော က ဝေလာသော စိတ်များ ဖြင့် ခင်မျိုးမြတ်၏ နဖူးနှင့် လက်ဖဝါးကလေးများ ကို စမ်းသပ် ကြည့်နေရာ၏ ။

ခင်မျိုးမြတ် ဖြစ်ပျက်လာသည့်အကြောင်းကို ရှင်းမပြနိုင်ဘဲ သည်ချစ်သူ၏ ရင်ခွင်ဝယ် ကလေးငယ် တစ်ယောက် ကဲ့သို့ တိုးဝင်ကာ တရှိုက်ရှိုက်ငိုကြွေးနေပေတော့သည်။

`ခင်မျိုး.... ဘယ်လို ဖြစ်တာလဲခင်မျိုးရယ်။ ကိုမောင်

အသည်းထိတ်လိုက်ပါဘိတော့`

ခင်မျိုးမြတ်၏ အပြုအမူကြောင့် မောင်မောင်မှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွား၏။

`ခင်မျိုး.... ခင်မျိုးကို ယောက်ျားပေးစားတော့မယ်တဲ့ကိုမောင်`

`ဟင်....`

မောင်မောင်က ခင်မျိုးမြတ်၏ ကိုယ်ကလေးကို ပိုမိုတင်းကျပ်နေအောင် ဖက်ထားလိုက်၏။

`ခင်မျိုးဘာလုပ်ရမလဲကိုမောင်။ ခင်မျိုးဘာလုပ်ရမလဲ`

မျက်ရည်ချောင်းစီးနေသော မျက်နှာကလေးဖြင့် ချစ်သူ၏ မျက်နှာကို မော့ကြည့်ကာ ခင်မျိုး မြတ်က သနားဖွယ်ရာ မေးမြန်းနေလေသည်။

`အင်း.... တစ်နေ့နေ့တော့ ဒီလိုအ ဖြစ်မျိုးကြုံရမယ်ဆိုတာ ကိုမောင်သိထားပြီးသားပဲ။ ခင်မျိုးရယ်.... ခင်မျိုးနဲ့ ကိုမောင့်ဘဝက မိုးနဲ့မြေသို့ ကွာခြားလွန်းလှ.....`

ခင်မျိုးမြတ်က ချစ်သူ၏ ပါးစပ်ကို သူ၏ လက်ဖဝါးနုနုကလေးဖြင့် လှမ်းပိတ်လိုက်သည်။

`တော် ပါ ကိုမောင်ရယ်။ မိုးနဲ့မြေလို ဘယ်လောက်ပဲအလှမ်းကွာကွာ။ ခင်မျိုးက ကိုမောင့် ဘဝကို လိုလိုချင်ချင် လက်ခံနေပြီပဲ။ ခင်မျိုး ကိုမောင့်ကို ချစ်တာပဲသိတယ်။ ကိုမောင်နဲ့ သေအတူ ရှင် မကွာနေချင်တာပဲသိတယ်။ တစ်ခြားကိစ္စတွေ ကို ခင်မျိုး ဘာမှ မစဉ်းစားချင်ဘူး`

`ခက်တယ်ခင်မျိုးရယ်။ ကိုမောင်လဲ ခင်မျိုးကို သိပ်ချစ်တာပဲ။ ဇီးဖြူ ဖန်ခါးဆိုရင်တောင် အာခံတွင် းထဲမှာ ငုံထားချင်ပါရဲ့ ။ ဒါပေမယ့် ခင်မျိုးဟာ ရွှေမှု နှံ့စားပြီး ရွှေဘုံနန်းမှာ မွေးဖွားကြီးပြင်းလာ ရတဲ့ မိန်းကလေး။ ဒုက္ခဆင်းရဲခြင်းဆိုတာကို ခင်မျိုး

ဘာမှသိတာမဟုတ်ဘူး။ ခင်မျိုးလို နုနယ်တဲ့ မိန်း ကလေး တစ်ယောက် ဟာ ကိုမောင်ရပ်တည်နေရတဲ့ဘဝ။ လမ်းခရီးကြမ်းမှာ မလျှောက်နိုင်ပါဘူးကွယ်။ မလျှောက်နိုင်ပါဘူး။ ကိုမောင်အနေနဲ့ကလဲ ခင်မျိုးအပေါ်ထားတဲ့မေတ္တာဟာ တစ်ကိုယ်ကောင်းမဆန် ချင်ပါဘူး။ ခင်မျိုးကောင်းစားတာကိုပဲ ကိုမောင်မြင်ချင်တယ်။ ကိုမောင် ကိုယ်ကျိုးအတွက် လုံးဝမပါတဲ့ မေတ္တာမျိုးနဲ့ပါကွယ်`

ခင်မျိုးမြတ်သည် မောင်မောင်၏ ရင်ခွင်မှ ဆတ်ကနဲ ရုန်းထွက်လိုက်၏ ။

`ဩော်.... ဒါဖြင့် ခင်မျိုးသူများ နဲ့လက်ထပ်မှာ ကို ကိုမောင်ကြည်ဖြူတယ်ပေါ့`

ခင်မျိုးမြတ်၏ ပါးလွှာသော နှုတ်ခမ်းကလေးက ကက်ကက်လန်အောင် ရန်တွေ့လာ၏ ။

`မကြည်ဖြူလို့ ကိုမောင် ဘာများ တတ်နိုင်မှာ လဲကွယ်`

`တော် ပါ ကိုမောင်ရယ်..... တော် ပါ။ ချစ်လှချည့်ရဲ့ ဆိုတဲ့ ရှင့်နှုတ်ဖျားက စကားတွေ ကို မိခင်မျိုး ယုံစားမိလို့ အရှုး ဖြစ်ရပြီပေါ့။ မိန်းမသား ဖြစ်တဲ့ မိခင်မျိုးတောင် ဘယ်လို ကြမ်းတမ်းတဲ့ခရီး ကိုပဲ ဖြစ် ဖြစ် လျှောက်ဝံ့၊ သွားဝံ့ပါတယ်လို့ဆိုနေတာ ရှင်ကငြင်းရက်ရင် မိခင်မျိုးကသိုလ်နဲ့ မိခင်မျိုးပဲပေါ့။ ကိုယ်ချစ်တဲ့သူနဲ့မပေါင်းရတဲ့ဒီဘဝမှာ သူများ ရင်ခွင်မှာ ပဲ မိခင်မျိုးပျော်လိမ့်မယ် မထင်ပါနဲ့။ မိခင်မျိုးအသက်နဲ့ကိုယ် အိုးစားကွဲသွားတာကိုပဲ ရှင် တစ်နေ့မြင်ရမှာ ပါ` ခင်မျိုးမြတ်၏ အသံ သည် ဒေါသဖြင့် တုန်ယင်လျက်ရှိ၏ ။

`ခင်မျိုး ဘာတွေ ပြောနေတာလဲဟင်။ ဘာတွေ ပြောနေတာလဲ`

မောင်မောင်က ခင်မျိုးမြတ်၏ ကိုယ်ကလေးကို လှုပ်ခါကာ ဒေါသသံကြီးဖြင့် မေးနေ၏ ။

`ဩော်.... ရှင်သဘောမပေါက်သေးဘူးပေါ့ ဟုတ်လား။ ခင်မျိုးကိုယ် ခင်မျိုး သတ်သေ ပစ်မယ်လို့ ပြောနေတာရှင့်။ သတ်သေပစ်မယ်လို့ပြောနေတာ။ ကဲ.... ရှင်းပြီလား`

ခင်မျိုးမြတ်၏ ဟန် ခင်မျိုးမြတ်၏ မာန်တွေ က နှုတ်မှစကားအတိုင်း မလွဲမသွေ လုပ်တော့မည် မှာ သေချာနေ၏ ။

`သိပ်မိုက်တဲ့ မိန်းကလေးပါပဲလားကွယ်။ မမိုက်ချင်စမ်းပါနဲ့ခင်မျိုးရယ်။ ကိုမောင်ပြောနေတာ တွေ က ဘယ်သူကောင်းစားဖို့လဲဟင်။ ခင်မျိုးအတွက်ပဲမဟုတ်လား။ ကိုယ်မချိ အမိတော် လည်း သားတော် ခဲရတယ် ဆိုသလိုပဲ ခင်မျိုးရယ်`

`တော် ပါကိုမောင်။ ခင်မျိုး ကိုမောင့်ဆီကိုလာခဲ့တာ အခြေအတင်စကားအနိုင်ယူ လုပြောဖို့ လာခဲ့တာမဟုတ်ဘူး။ အစ်ကိုကြီး ကိုသော နကို ခင်မျု း လက်မထပ်နိုင်ဘူး။ ခင်မျိုးကို ကိုမောင် ခိုးပြေးဖို့ လာပြောတာ။ ခင်မျိုး ပြတ်ပြတ်သားသားပဲသိချင်တယ်။ ခင်မျိုးကို ခိုးပြေးမလား။ ဒါမှမဟုတ် ခင်မျိုး အဆိပ်သောက်ပြီးသေတာကို ကြည့်ချင်သလား။ ကြိုက်ရာကို ရွေးတော့`

ခင်မျိုးမြတ်၏ အမေးက ပြတ်သားလွန်းနေ၏ ။

`ဒီသေစကားကြီးကို မပြောနဲ့။ ခင်မျိုးသေရင် ကိုမောင်လဲ အလိုအလျောက် သေမယ့်သူပါ`

မောင်မောင်သည် ချစ်သူကို ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ဖက်ထားကာ အက်ကွဲသံကြီးနှင့် ပြောနေပေ၏ ။

`ဒါဖြင့် ရင်....`

ခင်မျိုးမြတ်က အကျပ်ကိုင်နေ၏ ။

`ခင်မျိုးစိတ်တိုင်းကျ ကိုမောင်ခိုးပြေးပါ့မယ်။ ဒါပေမယ့် ကိုမောင်ရင်လေးတယ် ခင်မျိုးရယ်။ ခင်မျိုးလဲ ကြားဖူးမှာပေါ့။ စောင်းအိုလုလင်နဲ့ တပင်တိုင်မြနန်းသူဇာကလေးရဲ့ ကြေကွဲစရာဇာတ်လမ်း ကိုလေ`

`ဖခမည် းတော် ကြီးက စောင်းအိုလုလင်နဲ့ ချစ်ကြိုက်ရမလားဆိုပြီး မင်းသမီးကလေးကို တဝဂ္ဂု အတွင် းမှာ ဂူသွင်းသတ်ပစ်ခဲ့တာကို ပြောနေတာမဟုတ်လား

ကိုမောင်`

`ဟုတ်တယ်ခင်မျိုး။ ခင်မျိုးနဲ့ ကိုမောင်ဟာလဲ စောင်းအိုလုလင်ရဲ့ ဇာတ်လမ်းလိုပါပဲ။ ခင်မျိုးရဲ့ ဖခင်ဟာ ရာဇဂုဏ်မောက်တဲ့ ဘုရင်ကြီးရဲ့ စိတ်လိုပဲ ခက်ထန်လှတယ်။ ခင်မျိုး သူ့ကို မကြောက်ဘူးလားဟင်`

`သတ်စမ်းပါစေ ကိုမောင်မောင်ရယ်။ သူသတ်ရက်ရင် ခင်မျိုးသေဝံ့ပါတယ်။ သူကျိန်ရက်ရင် ခင်မျိုးခံဝံ့ပါတယ်။ ကိုမောင်သာ ခင်မျိုးအနားမှာ ရှိနေရင် ဘယ်လိုဒုက္ခမျိုးပဲ ဖြစ် ဖြစ် လာစမ်းပါစေ။ ခင်မျိုး ရင်ဆိုင်ဝံ့ပါတယ်`

ရဲရဲတောက်သော ခင်မျိုးမြတ်၏ စကားများ ကို မောင်မောင် တစ်ယောက် ချေပနိုင်စွမ်းမရှိ တော့ပြီ။ ချစ်သူ၏ မျက်နှာလှလှကလေးကိုသာ ငေးမော၍ ကြည့်နေမိတော့၏ ။

`ကိုမောင် ဘာပြောချင်သေးသလဲ`

`ဘာမှ မပြောလိုတော့ပါဘူးခင်မျိုးရယ်။ ခင်မျိုးဘာတွေ စိတ်ကူးစီစဉ်ထားတယ်ဆိုတာသာ ပြောပြပါတော့`

`ရှည်ရှည်ဝေးဝေး သိပ်ပြောစရာမလိုပါဘူးကိုမောင်။ ဒီညနေ အမေတို့တိုင်ပင်နေတာ ခင်မျိုးကြားခဲ့ရတယ်။ ဒီလမကုန်ခင် ရက်ကောင်း ရက်မြတ်ရွေးပြီး ခင်မျိုးကို နေရာချပေးတော့မယ်တဲ့။ ဒီတော့ ခင်မျိုးနဲ့ ကိုမောင် မနက်ဖြန်ည ထွက်ပြေးကြတာပေါ့။ ခင်မျိုးမှာ စုဆောင်းထားတဲ့ ငွေသုံးရာ လောက် ရှိပါတယ်`

`ကိုမောင့်မှာ လဲ ငွေနှစ် ရာနီးပါးလောက်တော့ရှိမယ်ထင်တယ်။ အင်း..... ခင်မျိုး
:အိမ်က လက်ဝတ်လက်စားတွေ တော့ မယူခဲ့နဲ့နော်`

`စိတ်ချပါကိုမောင်။ ခင်မျိုး အားလုံးထားပစ်ခဲ့မှာ ပေါ့။ ခင်မျိုး အခုဝတ်ထားတဲ့ ပတ္တမြား လက်စွပ်နဲ့ ဒီ မဟူရာလည်ဆွဲကလေးကိုတော့ ခင်မျိုး မထားခဲ့ရပါစေနဲ့။ တန်ဖိုးလဲ ရှိလှတာမဟုတ်ပါ ဘူး မောင်ရယ်`

`ဒီပစ္စည်းကလေးနှစ် ခုလောက် ကတော့ အကြောင်းမဟုတ်ပါဘူးကွယ်။ များများ စားစားယူလာ ရင် ပြဿ  နာတက်မှာ စိုးလို့ပါ။ ကဲ.... သိပ်ညဥ့်နက်နေပြီ။ ခင်မျိုးပြန်တော့။ မနက်ဖြန်ည ဆယ်နာရီ လောက်မှာ ခင်မျိုးအိမ်ပေါ်က တိတ်တိတ်ဆင်းခဲ့။ ကိုမောင် ဒီက အဆင်သင့်စောင့်နေမယ်`

`တကယ်နော်`

ခင်မျိုးမြတ်က ချစ်သူ၏ မျက်နှာကို စေ့စေ့ကြည့်ကာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် မေးနေ ပြန်၏ ။

`ဩော်.... ခင်မျိုးရယ်။ ကိုမောင် ဘယ်တုန်းက ညာပြောဘူးလို့လဲ`

`မေးရတယ် ကိုမောင်ရယ်။ မေးရတယ်။ တော် ကြာ ခင်မျိုးအတွက်ကြောင့် ပါလို့ ကိုမောင် ရှောင်ထွက်သွားခဲ့ရင် ခင်မျိုး ရင်ကျိုးရတော့မှာ `

မောင်မောင်က ခင်မျိုးမြတ်၏ သေးသွယ်ကြော့ရှင်းသော ကိုယ်ကလေးကို တင်ကျပ်နေအောင် ရင်ခွင်ထဲတွင် ပွေ့ဖက်ထားလိုက်၏ ။ နုထွေးသော ပါးပြင်ညက်ညက်ကလေးကိုလည်း မဝသော အနမ်း များ ဖြင့် မွှေးကြူနေပေ၏ ။

`ချစ်လိုက်တာ ခင်မျိုးရယ်။ ကိုမောင် ချစ်လိုက်ရတာ ။ ကိုမောင့်မှာ အသည်းနှလုံးက ပေါက်ဖွားလာတဲ့ မေတ္တာကလွဲလို့ ခင်မျိုးကို ဘာမှပေးစရာမရှိတာ ကိုမောင်ရင်နာလွန်းပါတယ်။ ကိုမောင့်ဘဝက နုံချာလွန်းပါတယ် ခင်မျိုးရယ်။ နုံချာလွန်းလှပါတယ်`

`ကံဆရာ စီမံသလို ဖြစ်နေရတဲ့ ကိုမောင့်ဘဝကိုတွေ းပြီး ယူကြုံး မရ ဖြစ်မနေစမ်းပါနဲ့ ရှင်ရယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တော့ ဘဝရဲ့ အဆင်မပြေမှု တွေ ရပ်တန့်သွားမှာ ပါကိုမောင်။ ကဲ.... ခင်မျိုး ပြန်လိုက်ဦးမယ်။ မနက်ဖြန်ည ဆယ်နာရီတိတိမှာ ခင်မျိုး ဆင်းလာခဲ့မယ်နော်`

`အင်း.... အင်း.... ကိုမောင် စောင့်နေပါ့မယ်`

`အောင်မယ်လေး ခဏဆိုပြီးသွားလိုက်တာ မျိုးမျိုးရယ်။ ခုမှပဲ ပေါ်လာတော့တယ်`

ဒေါ်အိ၏ အသံကား စိတ်ပူနေဟန်ရှိလှ၏ ။

`ဘယ်လောက်များ ကြာသွားလို့လဲ ဒေါ်အိရယ်။ မသကာ နာရီဝက်ပေါ့`

`ဟုတ်လိမ့်မယ်တော် ။ ဟုတ်လိမ့်မယ်။ မျိုးမျိုးဆင်းသွားတုန်းက ဆယ့်တစ်နာရီ။ အခု ဆယ့်နှစ် နာရီတောင်ခွဲသွားပြီ သိရဲ့ လား`

ခင်မျိုးမြတ်၏ မျက်လုံးကလေးများ က ပိုင်းစက်သွားကြ၏ ။

သူ၏ စိတ်ထဲတွင် ချစ်သူနှင့် စကားပြောခဲ့ရသော အချိန်သည် တိုတောင်းလှသည်ဟု ထင်မှတ်နေခဲ့၏ ။

`ကဲ.... သွားအိပ်တော့။ သွားအိပ်တော့`

ဒေါ်အိက အိမ်တံခါးကို ပိတ်ရင်း လေသံကလေးဖြင့် သူ့အနီးမှ ခင်မျိုးမြတ်ကို နှင်ထုတ်နေ၏ ။

ခင်မျိုးမြတ်သည် သူမ၏ အိပ်ခန်းဆီသို့ ရင်တထိတ်ထိတ်ဖြင့် တိုးတိုးတိတ်တိတ်ကလေး တက်လာရာ အခန်းဝရောက်ခါနီး တွင် ဖခင်ဦးဘောဂ၏ ချောင်းဆိုးသံကြီးကို ကြားလိုက်ရ၏ ။

ကိုယ်ကလေး ဆတ်ကနဲ့တုန်သွားကာ အသက်ရှုပင် မှာ းသွားမိသည်။

`ဘုရား.... ဘုရား.... အဖေများ နိုးသွားလေပြီလား`

ချောင်းသံတိတ်၍ လှုပ်ရှားသံများ တိတ်ဆိတ်သွားမှ ခင်မျိုးမြတ်သည် မရွံ့မရဲသော ခြေလှမ်း ကလေးများ ဖြင့် သူမ၏ အိပ်ရာဆီသို့ လျှောက်ခဲ့ရလေသည်။

ညဉ့်သည် တိတ်ဆိတ်နေ၏ ။

•••

# အခန်း(၂)

အခန်း(၂)

က။

`အောက်အီး.... အီး.... အွတ်.....`

လင်းကြက်ကလေးက အရဏ်ကျင်း၍ အလင်းရောက်တော့မည် ဖြစ်ကြောင်း တွန်သံပေး လိုက်၏ ။

ကောင်းကင်ပြင်တွင် ရောင် ခြည်တစ်ထောင် အလင်းဆောင်သည့် ဒေါင်းဖလ်ဝါနေမင်း၏ ရှေ့တော် ပြေး ရောင် နီ၊ ရောင် ဝါတို့က ကွန့်မြူး မှ န်းခြယ်၍ နေကြပေပြီ။

ဥယျာဉ်မှူး ကလေးမောင်မောင်သည် စက္ကူနှစ် ကွင်း အလင်းမြင်ရသည်နှင့် တာဝန်ဝတ္တရားကို တိကျစွာ ဆောင်ရွက်တတ်သူပီပီ ကတ်ကျေး၊ ပေါက်ပြား၊ ဓား စသည့်ကိရိယာတန်ဆာပလာများ ကို သယ်ဆောင်ကာ ဥယျာဉ်ဆီသို့ ထွက်လာ၏ ။

`သမီးလေး..... နေကောင်းတယ်နော်....`

ရှည်လျားထူထဲ၍ နက်မှော င်လှသော ဆံပင်ကို ရှင်းလင်းဖြီးသင်နေသည့် ခင်မျုးမြတ်သည် သူ့မျက်နှာကို စိမ့်စိမ့်ကြည့်ကာ ကြင်ကြင်နာနာမေးလာသော မိခင်ကြီးဒေါ်သူဇာကို သဲ့သဲ့ပြုံး ၍ ကြည့် လိုက်သည်။

`နေကောင်းပါတယ် အမေရယ်`

`အင်း.... အိပ်လို့တော့ ပျော်ဟန်မတူပါဘူး`

ခုတင်ပေါ်တွင် ထိုင်ရင်း ဒေါ်သူဇာက ပြောလိုက်၏ ။

`ခင်မျိုး ညက အိပ်လို့လဲ ပျော်ပါတယ်အမေရဲ့ `

`ချိုင့်နေတဲ့ သမီးမျက်တွင်းကလေးတွေ က သက်သေခံနေတယ်။ အင်း.....
ငါ့သမီးကလေးကို သူ စိတ်ဆင်းရဲအောင်လုပ်နေပြီ`

ခင်မျိုးမြတ်သည် မိခင်ကြီးရှေ့တွင် ဆက်လက်မနေလိုတော့၍ ကပျာကသီ
ဆံပင်ကို နောက်ဆံတွဲကလေးထုံးကာ အခန်းတွင်းမှ ထွက်သွားဟန်ပြုလိုက်၏ ။

`ဘယ်သွားမလို့လဲသမီး`

`ခြံထဲမှာ စပယ်ကြက်ရုံးတွေ ပွင့်နေတယ်အမေ။ ခင်မျိုးသွားခူးမလို့ပါ`

`သြော်.....သြော်`

ခင်မျိုးမြတ်သည် ပန်းခြင်းကလေးကိုဆွဲကာ စပယ်ကြက်ရုံးချုံကြီးရှိရာသို့
လျှောက်လာ၏ ။

ခြံထဲတွင် ပေါင်းပင်၊ မြက်ပင်များ ကို ရှင်းလင်းနုတ်ပစ်နေသည့်
မောင်မောင်သည် ဘယ်လို ကြည့်ကြည့် ကျက်သရေရှိလှသော ခင်မျိုးမြတ်၏
မျက်နှာကလေးကို လှမ်း၍ ကြည့်နေရှာ၏ ။

` ကိုမောင်`

`ဗျာ`

`မျက်လုံးကြီးများ ကျွတ်ကျပါဦးမယ်ရှင်`

`တကယ်ပါခင်မျိုးရယ်။ ခင်မျိုးကိုလေ အမရာကိန္နရီ မဒီသမ္မုလနဲ့တောင်
ကိုမောင်မနှိုင်း ချင်ဘူး`

`ဘာ ဖြစ်လို့လဲ။ ခင်မျိုးက သူတို့ထက် သိပ်အရုပ်ဆိုးနေလို့လားဟင်`

`မဟုတ်ရပါဘူးဗျာ။ သူတို့ထက် သိပ်ကို လှလွန်းနေလို့`

`ဒါတော့ ကိုမောင်ပိုပြီ။ သူတို့ကို ကိုမောင်မြင်ဘူးလို့လား`

`မြင်တော့ မမြင်ဖူးပါဘူးဗျာ။ သူတို့အလှကို ရေး ဖွဲ့ထားတာ စာအုပ်ထဲမှာ

ဖတ်ဖူးလို့ပါ`

`ကဲပါလေ။ ဒါတွေ အသာထားပါဦး။ အခု.... ခင်မျိုးကို စပယ်ကြက်ရုံးပွင့်ကလေးတွေ ကူခူးပေး နော်။ လာ....လာ..... ခုလိုက်ခဲ့`

`ကောင်းပါပြီ။ အမိန့်အတိုင်းပါပဲ`

`ဝုတ်..... ဝုတ်..... ဝုတ်..... ဝုတ်....`

ဘယ်ချောင်ကထွက်လာမှန်းမသိသော ခွေးပေါက်စကလေး ဒီလုံးက ခင်မျိုးမြတ်၏ ခြေထောက်ကို ရှေ့လက်နှစ် ချောင်းဖြင့် ကုတ်ကာ အမြီးကလေးတန့်နှံ့နှင့် ဆော့ကစားလာ၏ ။

`ဟော.... ကြည့်စမ်း.... ကြည့်စမ်း။ ဒါဘယ်ကထွက်လာတာလဲ`

ခင်မျိုးမြတ်က လက်ထဲတွင် ကိုင်ထားသော ပန်းခြင်းကလေးကို အသာချကာ ဒီလုံး၏ ခေါင်းကို လက်ဖြင့် အသာပွတ်သပ်ပေးလိုက် ၏ ။

ခွေးကလေးဒီလုံးသည် အမြီးကလေးတန့်နှံ့ဖြင့် သခင်မကလေး၏ အယုအယကို ခံနေပေ၏ ။

`ကိုမောင်။ ဒီလုံးသိပ်ဝလာတယ်နော်`

`မဝဘဲခံနိုင်ပါ့မလား။ ခင်မျိုး တစ်နေ့တစ်နေ့ ကျွေးတဲ့အစာကိုလဲကြည့်ဦးလေ`

`ခင်မျိုး သူ့ကို သနားလို့ အစာတွေ နင်းကျွေးနေတာကိုမောင်ရဲ့ ။ အမှိုက်ပုံက ကောက်လာခါစ က ပိန်ပိန်သေးသေးကလေးရယ်။ ခင်မျိုးဖြင့် အသက်မှရှင်ပါ့မလားလို့ စိတ်ပူရတာ `

`ခင်မျိုးလို ကရုဏာရှင်မလေးနဲ့တွေ့လို့လဲ ဒီလုံးအသက်ရှင်လာတာပဲ။ နို့မဟုတ်ရင် သေတာ ကြာပြီ`

`သူ့ကို အိမ်အယူလာကောင်းလို့ အဖေနဲ့ အတိုက်အခံလုပ်ရသေးတယ်။

ဒီခွေးဝင်စားလေးကို ဘာလုပ်ဖို့ ကောက်လာလဲတဲ့။ အိမ်ရှုပ်တယ်။ ခုသွားလွှင့်ပစ်လိုက်တဲ့။ ခင်မျိုးဖြင့် သူ့ကို အိမ်မှာ မွေးထားဖို့အရေး အဖေ့ကို မနည်းပြောယူရတယ်။ ဟဲ့..... အို.... နင့်လက်သည်းကလေးတွေ က စူးလိုက်တာ။ ဖယ်စမ်း.... ဖယ်စမ်း.... နင်နဲ့ဆော့နေလို့ မပြီးသေးဘူး။ ငါ ပန်းသွားခူးရဦးမယ်`

ဒီလုံးက လူ့စကားနားလည်ဟန်ရှိလေ၏ ။ ခင်မျိုးမြတ်၏ ရှေ့မှ အသာဖယ်နေလိုက်ပြီး သူတို့ သွားရာနောက်သို့ အနောက်မှ ဆော့ကစားကာ လိုက်ပါလာလေသည်။

`ကြည့်စမ်းပါဦးကိုမောင်ရယ်....။ တစ်ခြံလုံးကို ဖွေးဖွေးလှုပ်နေတာပဲ`

`ဟုတ်တယ်။ ဒီနှစ် သိပ်ပွင့်တာပဲနော်`

ဖြူလွလွနှင့် သင်းပျံ့လှသော စပယ်ပွင့်ကလေးများ သည် ခင်မျိုးမြတ်၏ ပန်းခြင်းကလေးထဲ တွင် တောင်ပုံ ယာပုံ ဖြစ်လာ၏ ။

`ခင်မျိုး ဒီဘက်ခဏလာပါဦး`

ပန်းခြံတစ်ဘက်တွင် ရှိနေသော မောင်မောင့်ထံပါးသို့ ခင်မျိုးမြတ်ရောက်ရှိသွား၏ ။

`ဘာလုပ်မလို့လဲ ကိုမောင်`

ဆယ်ပွင့်ထက်မနည်း ပန်းပွင့်ကလေးများ ပါရှိသည့် စပယ်ခိုင်ကလေးကို မောင်မောင်က ခင်မျိုးမြတ်၏ ဦးခေါင်းတွင် ကိုယ်တိုင်ကိုယ်ကျ ပန်ဆင်ပေးလိုက် ၏ ။

`ဒီကဘာများ လဲလို့`

ရွှင်ကြည်သော မျက်လုံးအစုံဖြင့် ချစ်သူ၏ မျက်နှာကို ခင်မျိုးမြတ်က ကြည့်လိုက်သည်။

`ခုမှ ပိုလို့တောင် ကျက်သရေရှိလာသေးတယ်ဗျ`

`ပိုရန်ကော ကိုမောင်ရယ်`

`တကယ်ပါ။ ကိုမောင်က စာဖွဲ့ပြီးမပြောတတ်လို့`

`ရှူး .... တော် တော့။ ဟိုမှာ အဖေ။ ခြံထဲကိုဆင်းလာနေတယ်`

တုတ်ကောက်တစ်ချောင်းကိုကိုင်ကာ ဦးဘောဂ ခြံထဲသို့ ဆင်းလာသည်ကို တွေ့ရ၍ ခင်မျိုးမြတ်က သတိပေးလိုက် ၏ ။

ဦးဘောဂသည် မောင်မောင်စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်ခင်းများ၊ ပူးစင်၊ ခဝဲစင်များ ကို ကြည့်ရှုပြီး ပန်းပင်စိုက်ပျိုးထားရာသို့ လျှောက်လာနေ၏ ။

`ဟေး... စပယ်တွေ ဒီနှစ် တယ်ပွင့်တာပဲ`

`ဟုတ်ကဲ့။ မနှစ် ကထက် အပွင့်များ တယ် ဦးကြီး`

`အေး.... မင်းပူးသီးတွေ လဲ အရမ်းထွားတာပဲ။ နည်းတာကြီးတွေ မဟုတ်ဘူး။ တချို့တဝက်လဲ မင်းရောင်းစားပေါ့ကွာ။ ငါက အလုပ်ကိုရိုသေလေးစားတဲ့လူဆိုရင် သိပ်ကြိုက်တာကွ။ မင်းရောက်တာ မှ ခြံထဲမလဲ ပန်းမျိုးတွေ စုံလာတယ်။ အရင်ကောင်တွေ တုန်းက သုံးမရဘူး`

ခင်မျိုးမြတ်သည် ဖခင်နှင့် မျက်နှာချင်းဆုံရမည် ကို ဝန်လေးလှသဖြင့် လှည့်ထွက်သွားဟန် ပြုလိုက်၏ ။

`တော် ပြီလား။ ပန်းပွင့်တွေ ကျန်နေသေးတယ်`

`တော် ပြီ။ အသီရခက်နေမှာ စိုးလို့`

ခင်မျိုးမြတ်က တိုတိုတုတ်တုတ်ပြော၍ ချာကနဲ လှည့်ထွက်သွား၏ ။

`အလကား... သူ ငါ့နားမနေရဲလို့ ရှောင်ထွက်သွားတာ`

ခပ်သွက်သွက်ကလေးလျှောက်သွားနေသော ခင်မျိုးမြတ်၏ နောက်ကျောကို ကြည့်ကာ ဦးဘောဂက ပြောလိုက်၏ ။

`ဘာ ဖြစ်လို့လဲ ဦးကြီးရဲ့ `

`မင်းနမ အားကြီးခေါင်းမာတယ်`

`ဦးကြီးစကားကို နားမထောင်လို့လား`

`အေး… ဟုတ်တယ်။ မိဘဝတ္တရားရှိလို့ သူ့ကို ငါက နေရာချပေးမှာ ကို သူက ငြင်းတယ်လေ။ သူငြင်းကော ဘာရမှာ တုန်း။ ငါက ဗူးဆို ဖရုံသီးတဲ့ကောင် မဟုတ်ဘူး`

ဦးဘောဂ၏ အသံနှင့် မျက်နှာထားက ဟန်ပါလှ၏ ။

`သူလဲ လွတ်လွတ်လပ်လပ်နဲ့ နေချင်သေးလို့နဲ့တူပါတယ်ဦးကြီးရယ်။ အသက်ကလဲ ငယ်သေး တယ်မဟုတ်လား'

မောင်မောင်က မရွံ့မရဲသော လေသံဖြင့် ခင်မျိုးမြတ်ဘက်မှ ရှေ့နေလိုက်ပေးနေ၏ ။

`ဘာ လွတ်လွတ်လပ်လပ်နေချင်ရမှာ လဲ မောင်မောင်ရဲ့ ။ အဲသလို လွတ်လွတ်လပ်လပ်နေရင်း က မဟုတ်မဟပ် တေလေကြမ်းပိုးနဲ့ ညားသွားမှ ခက်မှာ ။ သမီးတစ်ကောင်ထိန်းရတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး'

`ဟုတ်ပါတယ်လေ။ မိဘဆိုတာ ကိုယ့်သားသမီးကောင်းစားတာပဲ မြင်ချင်ကြတာပဲ'

မောင်မောင်သည် ဦးဘောဂကို စကားအနိုင်မပြောဝံ့၍ ရေလိုက်ငါးလိုက်ပင် ပြောဆိုနေ၏ ။

`အေး… မင်းလုပ်စရာရှိတာလုပ်ဦး။ ငါလဲ မောင်သော နမိဘဆီ ခဏသွားလိုက်ဦးမယ်'

မောင်မောင်သည် သူ့အနီးမှ ထွက်ခွာသွားသော ဦးဘောဂအား မျက်စိတဆုံး ငေးမော၍ ကြည့်နေမိ၏ ။

အင်း.... သူ့သမီးနဲ့ငါ မေတ္တာမျှနေတာများ ဒီအဘိုးကြီးသိသွားရင် သူ့တုတ်ကောက်ကြီးနဲ့ အတီးခံရလို့ ငါ့ခေါင်းတော့ စေ့စေ့ညက်ညက်ကြေသွားမှာ ပဲ။

•••

၁။

ခင်မျိုးမြတ်သည် ကောင်းနိုးရာရာ အင်္ကျီ၊ လုံချည်ကလေးများ ကို သားရေသေတ္တာ အလတ်ကလေးထဲသို့ ဗီရိုထဲမှ ပြောင်းရွှေ့ထည့်နေ၏ ။ ပြီးလျှင် သူမ၏ ခုတင်အောက်တွင် အသာထည့်ထားလိုက်သည်။

ညရှစ်နာရီခန့်တွင် ဒေါ်အိက ခင်မျိုးမြတ်၏ အခန်းမှ ရေတကောင်းကရေကို ဆေးကျော ရေဖြည့်ယူလာ၏ ။ သူက စားပွဲပေါ်တွင် အသာတင်ထားလိုက်ပြီး ခင်မျိုးမြတ်၏ ခုတင်စွန်းတွင် ဝင်ထိုင် လိုက်သည်။

`မျိုးမျိုး ထမင်းလဲ သိပ်မစားပါလား'

`ခင်မျိုးစားလို့မကောင်းဘူး ဒေါ်အိရယ်'

`ဒါဖြင့် ခံတွင်း ရှင်းသွားအောင် ရှောက်သီးသုပ်နဲ့ ဟင်းခါးသောက်မလား။ ဒေါ်အိ မနက်ဖြန် သုပ်ပေးမယ်လေ'

`အင်းစားတာပေါ့'

`ကဲ.... ကဲ....စောစောအိပ်တော့။ ဒေါ်အိသွားတော့မယ်'

ခင်မျိုးမြတ်က ဒေါ်အိလက်မောင်းတစ်ဘက်ကို လှမ်းဆွဲထားလိုက်သည်။

`နေပါဦး ဒေါ်အိရယ်'

`ဘာလုပ်မလို့လဲ မျိုးမျိုးရဲ့ '

`မျိုးမျိုးကို တစ်ခုကူညီပါဦး'

`ဘာကူညီရမှာ လဲ။ ဒေါ်အိဘာလုပ်ပေးရမှာ လဲ'

`ခင်မျိုး ဒီညလဲ ကိုမောင်မောင်ကို ခဏသွားတွေ့ချင်သေးတယ်'

`အို..... ညတိုင်းသွားနေလို့ ဘယ် ဖြစ်မလဲမျိုးမျိုးရယ်။ တစ်နေ့မဟုတ် တစ်နေ့ မိသွားရင် မျိုးမျိုးရော ဒေါ်အိပါ သက်သာကြမှာ မဟုတ်ဘူး။ မျိုးမျိုး ဘာပြောချင်လို့လဲ။ မျိုးမျိုးကိုယ်စား ဒေါ်အိ သွားပြောပေးမယ်လေ'

`ဟင့်အင်း.... ကိုယ့်ဘာသာကိုယ်ပဲ သွားချင်တယ်။ ဒေါ်အိက မျိုးမျိုးကို ချစ်တယ်.... ချစ်တယ်နဲ့.... တကယ်ကျတော့ မျိုးမျိုးစိတ်ချမ်းသာအောင် တစ်ခါက နစ် ခါ မကူညီချင်ဘူး'

`ဒီလိုမပြောပါနဲ့မျိုးမျိုးရယ်။ မျိုးမျိုးကို ဒေါ်အိ ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် အလိုလိုက်တယ်ဆိုတာ မျိုးမျိုးအသိဆုံးပါ'

`ဟင့်အင်း..... ဟိုတုန်းကယုံတယ်။ ခုတော့ မယုံပေါင်'

နှုတ်ခမ်းကလေးစူ၍ မျက်နှာကို တစ်ဘက်သို့ လွှဲပစ်လိုက်သော ခင်မျိုးမြတ်ကိုကြည့်ကာ ဒေါ်အိခမျာ သက်ပြင်းချမိ၏ ။

`ကဲ....မမလေး၊ စကားနာထိုးမနေနဲ့။ လူခြေတိတ်ရင်ဆင်းခဲ့။ ကြားလား'

ဒေါ်အိက စိတ်မရှည်တော့သလိုပြောလိုက်မှ ခင်မျိုးမြတ်၏ မျက်နှာကလေးသည် မှိုရသူ မျက်နှာကဲ့သို့ရွှင်လန်းသွား၏ ။

`ဒါကြောင့် မို့ မျိုးမျိုး ဒေါ်အိကိုချစ်ရတာ '

ဒေါ်အိပါးပြင်ကြီးကို သူက နမ်းရှုပ်လိုက်၏ ။

`တော် ပါ။ မဖုရားလေးကြောင့် ကျုပ်လဲ တစ်နေ့ ဒုက္ခတွေ့လိမ့်မယ်။ ကဲ.... ကျုပ်သွားဦးမယ်။ တော် ကြာ တွတ်တွတ်တွတ်တွတ်ပြောနေတာ ဟိုဩဇာရှင်ကြီး ကြားသွားရင် ဘုန်းကြီးအမှု ရွာပတ် နေဦးမယ်'

ခင်မျိုးမြတ်သည် ည ဆယ်နာရီထိုးသည်အထိ အောင့်အီး၍ အိပ်ရာပေါ်တွင် အချိန်ကို စောင့်နေခဲ့ရ၏ ။ အချိန်နီးကပ်လာလေလေ သူ၏ ရင်မှာ တဒိတ်ဒိတ်ခုန်လေလေ ဖြစ်နေ၏ ။ တစ်အိမ်လုံး တိတ်ဆိတ်လွန်းနေ၍ သူ၏ ရင်ခုန်သံကိုပင် သူ့နားက အတိုင်းသားကြားနေရ၏ ။ ဆယ်နာရီထိုးသံကြားရ၍ ခင်မျိုးမြတ်သည် အိပ်ရာမှအသာထကာ ခုတင်ခေါင်းရင်းရှိ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ပြီးလျှင် အုန်းဆံကြိုး တစ်ဘက်ဖြင့် ချည်နှောင်ထားသော သားရေသေတ္တာကလေးကို ပြတင်းပေါက်မှ အသာခြံထဲသို့ ချလိုက်သည်။ သေတ္တာကလေး မြေကြီးပေါ်သို့ ရောက်သည်နှင့် ပြတင်းပေါက်တံခါးကို ပြန်ပိတ်လိုက်သည်။ ထိုစဉ်မှာ ပင် ဦးဘောဂ၏ ချောင်းဆိုးသံနှင့် တံတွေးဟပ်သံ ကြီးက တိတ်ဆိတ်မှု ကို ဖောက်ထွင်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာ၏ ။

'ကိုဘောဂ.... ရှင်ဟာလေ အာကြီးခေါင်းမာတဲ့လူပဲ။ ချောင်းဆိုးသက်သာအောင် ဆေးသောက် ပါဆိုတာ ပြောမရဘူး'

'မသူဇာ မင်းလျှာမရှည်နဲ့။ ငါ့ကိုယ်ငါ သိတယ်'

'ဘုရား..... ဘုရား.... ဒုက္ခပါပဲ။ အရေး ထဲ ဒီချောင်းက ဖြိုဟ်မွှေပြန်ပြီ'

ထိတ်လန့်တုန်လှုပ်လွန်းနေ၍ ခင်မျိုးမြတ်၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်ကလေးများ ပင် စို့ထွက်လာနေ၏ ။

အသံဗလံများ က ပကတိ တိတ်ဆိတ်သွားပြန်၏ ။

ခင်မျိုးမြတ်သည် အတန်ငယ်ကြာအောင်ပင် အခြေအနေကို စောင့်ကြည့်နေခဲ့၏ ။ တိတ်ဆိတ် ငြိမ်သက်မြပင်ရှိနေသော ကြောင့် ရင်တဒိတ်ဒိတ်၊ ဒူးတဆတ်ဆတ်တုန်စါၤဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့၏ ။

'ဟဲ့... အောင်မလေးနော်။ ခုမှပဲ ဆင်းလာတော့တယ်'

'အဖေတို့ နိုးနေလို့ ဒေါ်အိရယ်'

သူ့စကားကြောင့် ဒေါ်အိ၏ မျက်လုံးများ ပြူး ကျယ်လာ၏ ။

`ဟဲ့.... ဒါနဲ့များ တောင် ဆင်းလာရသလား'

`အို.... ဒေါ်အိကလဲ မျက်လုံးပြူး ၊ မျက်ဆံပြူး နဲ့ အဖေတို့ပြန်အိပ်သွားမှ ခင်မျိုး ဆင်းလာခဲ့ တာပါ'

`အင်း.... တော် သေးရဲ့ ၊ တော် သေးရဲ့ ။ မြန်မြန်ကြွ ချည်ပါ။ မြန်မြန်လဲပြန်ကြွခဲ့ဦးနော်'

ခင်မျိုးမြတ်သည် ခေါင်းကလေး ဆတ်ကနဲညိတ်ပြပြီး ခြံထဲကို တစ်ချိုးတည်း ဆင်းပြေး တော့၏ ။

`စောင့်လိုက်ရတာ ခင်မျိုးရယ်'

ခင်မျိုးမြတ်၏ အလာကိုစောင့်နေရရှာသော မောင်မောင်သည် သူ့အား တွေ့လိုက်သည်နှင့် ရင်မောသံကြီးဖြင့် ဆီး၍ အပြစ်တင်လိုက်၏ ။

`ကိုမောင်ဟာလေ အပြစ်တင်ဖို့လောက်ပဲ ကြည့်နေတယ်။ အပေါ်မှာ အဖေတို့နိုးနေလို့ရှင့် သိရဲ့ လား'

`ဟင်.... ဟုတ်လား'

`ခုမှ မျက်လုံးပြူးမနေနဲ့။ အချိန်မရှိတော့ဘူး။ သွားကြစို့။ ခေါင်းရင်းဘက်မှ ခင်မျိုးသေတ္တာကို ကြိုး နဲ့ အောက်ချထားတယ်'

`ဝုတ်.... ဝုတ်....ဝုတ်.... ဝုတ်'

`ဟဲ့.... ဟောင်နေနဲ့။ ငြိမ်ငြိမ်နေစမ်း'

ဒီလုံးက မဟောင်တော့ဘဲ အမြီးနံ့၍ သူတို့နောက်သို့ လိုက်လာနေ၏ ။

`အို ဘာလို့လိုက်လာတာလဲ။ အဲဒီ မှာ ငြိမ်ငြိမ်ထိုင်နေ။ ကြားလား'

သခင်၏ စကား၊ သခင်၏ အရိပ်အကဲကို နားလည်ဟန်ဖြင့် ခွေးကလေးဒီလုံးသည် ခင်မျိုးမြတ် ညွှန်ပြသော နေရာတွင် ပင် ထိုင်ကာ အရည်လည်သော

မျက်လုံးကလေးများ ဖြင့် ကြည့်ရင်း ကျန်ရစ်ခဲ့ ရှာ၏ ။

အိမ်ဖော်မကြီး ဒေါ်အိသည် ခင်မျိုးမြတ်၏ အလာကို စောင့်စားရင်း ငိုက်မျဉ်း၍ လာ၏ ။ ငိုက်မျဉ်းရာမှ သူသည် မေးကနဲ အိပ်ပျော်သွားခဲ့ရှာ၏ ။ သူပြန်နိုးလာချိန်တွင် တိုင်ကပ်နာရီကြီးသည် နံနက်သုံးနာရီထိုးပြီ ဖြစ်ကြောင်း တဒင်ဒင်တီး၍ ကြေညာလိုက်၏ ။

`အလိုလေး.... သုံးနာရီတောင်ထိုးပါပကော။ ငါကလဲ အိပ်ပျော်သွားတယ်။ မိမျိုးကလဲ ကဲပါ့တော် '

ဒေါ်အိသည် ကပျာကယာလူးလဲထပြီး မောင်မောင်၏ အဆောင်ကလေးရှိရာသို့ ထွက်ခဲ့၏ ။ အမြီးတနှံ့နှံ့နှင့် တအီအီအော်နေသော ခွေးကလေးဒီလုံးမှအပ မည် သူကိုမျှ မတွေ့ရပေ။ ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွား၏ ။

`မျိုးမျိုး.... မောင်မောင်။ ဟင်..... ဘယ်သူမှလဲ မရှိကြပါလား။ တန်တော့ ထွက်ပြေးကြပြီနဲ့ တူပါရဲ့ ။ မိမျိုးရယ်.... ငါ့ကို ရက်စက်လှချည့်လား'

ဒေါ်အိမှာ ငယ်ထိပ်မြွေပေါက်ခံရသလို ထူပူး ထိတ်ပျာ၍ နေ၏ ။ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း မသိ။ ဦးဘောဂနှင့် ဒေါ်သူဇာကို အကြောင်းကြားလိုက်လျှင်လည်း သူ့ဘက်ကို မြားဦးလှည့်လာမည် ကို လည်း သူက ကြောက်ရွံ့လှ၏ ။

`အို.... မပြောလို့ မ ဖြစ်ပါဘူးလေ။ ငါ့အတွက် ကာကွယ်ပြီးတော့ ပြောရတော့မှာပဲ'

ဒေါ်အိသည် ခင်မျိုးမြတ်၏ အခန်းဆီသို့ တက်သွားပြီး အခန်းတံခါးကို ခေါက်လိုက်သည်။

`မျိုး.... မျိုး.... မျိုး.... မျိုး....'

`ဟဲ့... မအိ။ အချိန်မတော် သမီးကို ဘာလို့ နှိုးနေတာလဲ'

`အောက်ထပ် တံခါးပွင့်နေလို့ အိမ်များ သူခိုးဝင်နေသလားလို့ပါ'

`ဟင်....'

ဦးဘောဂနှင့် ဒေါ်သူဇာသည် တမုဟုတ်ချင်း ခင်မျိုးမြတ်၏ အခန်းရှေ့သို့ ရောက်လာကြ၏ ။

ဦးဘောဂက ခင်မျိုးမြတ်၏ အခန်းတံခါးကို တွန်းဖွင့်ကာ အခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

ခုတင်ပေါ်တွင် ခင်မျိုးမြတ်ရှိမနေတော့။

`ဟင်.... သမီးလဲမရှိပါလား'

`မအိ၊ အိမ်တံခါးပွင့်နေတာ ခင်ဗျားဘယ်လိုသိသလဲ'

ဦးဘောဂ၏ မျက်လုံးများ က တရားခံကို စူးစမ်းသော ရှေ့နေ၏ မျက်လုံးများ နှင့် တူလှ၏ ။

`ကန်တော့ပါရဲ့ ။ ကျွန်မ အပေ့ါအပါးသွားရင်း ပွင့်နေတာတွေ ့ရတာ ပါ'

ဒေါ်အိက မျက်နှာငယ်ကလေးဖြင့် ပြန်ဖြေလိုက်သည်။

`ဒီကောင်မ ခွေးဇာတ်ခင်းသွားတာ။ မောင်မောင်ကို သွားနိူးစမ်း။ သူ့ကို မတွေ ့တွေ ့အောင် လိုက်ရှာမယ်'

ဦးဘောဂသည် ရှူး ရှူး ရှဲရှဲနှင့် ဒေါသအိုးပေါက်ကွဲနေ၏ ။

`သမီးကလေး ဒီလိုလုပ်သွားတာ ရှင့်ကြောင့် .... ရှင့်ကြောင့် ။ သိရဲ့ လား ကိုဘောဂ'

`ဘာ ငါ့ကြောင့် လဲကွ။ မင်းသမီးကိုက မိုက်တွင်းနက်ချင်တာ။ ဟင်း.... မိရင်တော့လား ငါကိုယ်တိုင် သတ်ပစ်မယ်'

ဦးဘောဂသည် လက်သီးတစ်ဆုပ်ဆုပ်နှင့် ကြိမ်းဝါးနေ၏ ။

"ရှင်ဟာလေ လူစိတ်မရှိတဲ့လူ အကြင်နာတရားမရှိတဲ့လူ။ ရှင်ဟာလေ လူတိုင်းကို ဖယောင်း လို ပုံသွင်းချင်တိုင်း သွင်းလို့ရမယ်ထင်နေတဲ့လူ။ ရှင်သာ အစက

ပြေပြေပြစ်ပြစ် နားချရင် ကျွန်မသမီး ကလေး ထွက်ပြေးမှာ မဟုတ်ဘူးတော့။ ထွက်ပြေးမှာ မဟုတ်ဘူး”

“မသူဇာ ခုတိတ်ဆို မတိတ်သေးဘူးလား တယ်.... ရိုက်လိုက်ရင် မင်းပါ အသက်ထွက်သွား မယ်”

“သတ်စမ်းပါ။ သတ်ပစ်စမ်းပါ။ တော် သတ်ဝံ့ရင် ကျုပ် သေဝံ့ပါတယ်”

ဒေါ်သူဇာသည် ခင်ပွန်းသည်ကို ပြန်ပြောရင်း ရှိုက်ငိုနေ၏ ။

“ဟို.... ဟို.... မောင်မောင်လဲ သူ့အဆောင်မှာ မရှိတော့ဘူး”

မောင်မောင်ကို အခေါ်သွားသော ဒေါ်အိသည် အသံတုန်ကြီးဖြင့် ဦးဘောဂကို ပြောပြနေရှာ၏ ။

“ဘာ.... မောင်မောင်လဲ အဆောင်မှာ မရှိတော့ဘူး”

ဦးဘောဂသည် အံကို တကျစ်ကျစ်မြည် အောင် ကြိတ်လိုက်၏ ။ သူ့မျက်လုံးအစုံကလည်း မီးဝင်းဝင်းတောက်လာတော့မည့် လား အရောင် တွေ လင်းလက်လာ၏ ။

“ဟင်.... ငါမပြောဘူးလား မိသူဇာရဲ့ ။ တစ်နေ့ ဒီခွေးမ ခွေးလိုလုပ်လိမ့်မယ်လို့။ ဇိကုပ်ပြီး မိဘက နတ်ပြည်တင်ပေးတာကို ပြာပုံထဲ တိုးချင်တဲ့ ခွေးမ။ ဒင်းကို လိုက်မရှာဘူး။ ဒင်းထိုက်နဲ့ ဒင်းကံရှိပဒေ။ ငါပိုင်ဆိုင်သမျှလဲ ဒင်းက တစ်ပြားတစ်ချပ်မှ မရစေရဘူး။ ငါ အမွေဖြတ်တယ်။ သမီးအ ဖြစ်က စွန့်တယ်။ ဒင်းကို ပြန်လက်ခံရင‌တော့လား..... မင်းလဲ ဒီအိမ်ပေါ်က ခေါင်းနဲ့ ဆင်းရ မယ် သိလား မိသူဇာ”

ဒေါ်အိကပါ ဒေါ်သူဇာနှင့် ရော၍ အသံများ ပင် ထွက်အောင် ရှိုက်ငိုနေ၏ ။

“သြော်.... ဟိုမိန်းမကြီးကပါ ကျက်သရေမင်္ဂလာမရှိ ငိုနေပြန်ပြီ။ သွားကြစမ်း.... သွားကြစမ်း..... မင်္ဂလာကိုမရှိ ငိုယိုနေတဲ့မျက်နှာ ကျုပ် မကြည့်ချင်ဘူး”

ဦးဘောဂသည် အပြောနှင့် အဟောညီအောင် ပြုလုပ်သူတည်း၊ ဇနီးသည်က

နေ့ရှိသရွေ့ သမီးလေးကို ရှာဖွေစေရန် ဖျောင်းဖျပြောဆိုသော်လည်း ဘူးသာခံနေခဲ့သည်။ နောက်ဆုံးတွင် တော့ ဒေါ်သူဇာသည် လက်လျှော့လိုက်ရကာ နေ့ရှိသရွေ့ သမီးကလေးကို သတိရလွမ်းဆွတ်စိတ်ဖြင့် စိတ်ထောင်းကိုယ်ကြေ နွမ်းခွေ၍ သာ နေတော့၏ ။

•••

# အခန်း(၃)

အခန်း(၃)

က။

"မောနေပြီလားခင်မျိုး"

မောင်မောင်သည် ခင်မျိုးမြတ်၏ လက်ဖဝါးနုနုကလေးဆုပ်ကိုင်အားပေးရင်း ကြင်နာလွန်း သော အသံဖြင့် မေးလိုက်၏ ။

"မောရမှန်းတောင် မသိပါဘူး ကိုမောင်ရယ်။ အဖေလိုက်လာမှာ ကိုပဲ ကြောက်တယ်"

"ခုလောက်ဆို သူတို့ ခင်မျိုးနဲ့ကိုမောင်ထွက်ပြေးလာတာကို သိများ သိကြပြီလားမသိဘူး"

"အင်း.... ခင်မျိုးတို့ ထွက်ပြေးကြတာ သိရင်တော့ ဒေါ်အိကြီး သက်သာမှာ မဟုတ်ဘူး။ သူ့ကို ခင်မျိုး သနားနေတယ်။ ဒါပေမယ့် ကိုမောင်ပြောသလို ကိုယ်မချို အမိသော လဲ သားတော် ခဲရတယ်ဆို တာမျိုး ဖြစ်နေလို့ပါ"

ခင်မျိုးမြတ်နှင့် မောင်မောင်တို့သည် မကွေးမှ ကျောက်ပန်းတောင်းသို့ ပြေးခဲ့ကြ၏ ။ ကျောက် ပန်းတောင်းတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် ကြုံရာကားစီး၍ မိတ္ထီလာရောက်ခဲ့ပြန်၏ ။ မိတ္ထီလာမှ သာစည်၊ ထိုကတစ်ဆင့် အောက်ပြည် အောက်ရွာဆီသို့ တဂျုံးဂျုံး ခုတ်မောင်းနေသော မီးရထားကြီးပေါ်တွင် ပါလာခဲ့ကြလေသည်။

"ဟင်း.... ပြေးရ လွှားရနဲ့ ခင်မျိုးလဲ ပင်ပန်းလာပြီ။ ဒါ.... ဒုက္ခရဲ့ လမ်းစပဲရှိသေးတယ်နော်"

မောင်မောင်သည် သူ၏ ရင်ခွင်တွင် ခေါင်းကလေးမှီကာ မှိန်းနေသော ချစ်သူကိုကြည့်၍ ကရုဏာသက်စွာ ပြောနေ၏ ။

"ဒီလိုပဲပေါ့.... လူကလေးရယ်။ လူ့ဘဝဆိုတာ ကန်ရေပြင်လိုတော့ ဘယ်တစ်ချိန်လုံး တည်ငြိမ် နေပါ့မလဲ။ လှိုင်းထနေတဲ့ သမုဒ္ဒရာရေပြင်ပေါ်မှာ သါးနေရတဲ့လှေလိုပဲ ဖြစ်နေမှာ ပေါ့။ သမုဒ္ဒရာရဲ့ ရေပြင်ဟာ နေ့ရှိသရွေ့လဲ လှိုင်းထနေမှာ မဟုတ်ပါဘူး။ တစ်ချိန်ချိန်မှာ တော့ လှိုင်းငြိမ်ပြီး လိုတဲ့ခရီးပန်းတိုင်ကို သူရောက်ရဦးမှာ ပါ"

"အောင်မယ်လေး.... မိန်းမရယ်။ ခရီးပန်းတိုင် မရောက်ခင်စပ်ကြားမှာ လှိုင်းချက်ပြင်းထန်လို့ လှေများ မှော က်ရင်ဖြင့် ကိုယ်ကျိုးနဲရချည်ရဲ့ "

ခင်မျိုးမြတ်သည် ချစ်သူ၏ ရင်ခွင်တွင် မှီဗလျာင်းမှေးစက်နေရာမှ ဆတ်ကနဲ ခေါင်းထောင် လာ၏ ။

"ကိုမောင်.... ဘာတွေ ပြောနေတာလဲ။ နိမိတ်မရှိ နမာမရှိ"

ခင်မျိုးမြတ်၏ မျက်နှာ ကတော့ သိသိသာသာ ပျက်သွား၏ ။

"အလကားပါ ခင်မျိုးရယ်။ ခင်မျိုးက ဥပမာပြကောင်းလွန်းလို့ ကိုမောင် ကျီစားလိုက်မိတာပါ။ နောက်..... ခင်မျိုးမကြိုက်တာ ကိုမောင်မပြောတော့ဘူးနော်"

ထိုသို့ နှစ် သိမ့်လိုက်မှ ငိုမဲ့မဲ့ ဖြစ်နေသော ခင်မျိုးမြတ်၏ မျက်နှာကလေးသည် တစ်ဖန် ကြည်လင်၍ လာ၏ ။

"ကိုမောင်တို့ ပဲခူးမှာ ပဲ အခြေတည်ကြတာပေါ့။ ခင်မျိုးနေချင်ရဲ့ လား။ ဒါမှမဟုတ်လဲ ရန်ကုန် အထိ သွားကြမယ်လေ"

"ခင်မျိုးတော့ ပဲခူးမှာ ပဲနေချင်တယ် ကိုမောင်"

"အင်း.... အဲဒါလဲကောင်းတာပဲ။ ရရာအလုပ်ကလေးလုပ်ပြီး အေးအေးဆေးဆေး နေကြတာ ပေါ့။ ကိုမောင့်လို အလုပ်ကြမ်းသမားအဖို့ ကတော့ အလုပ်မရှားပါဘူး။ ခင်မျိုးအတွက်သာ ကိုမောင် စိတ်ပူနေရတာ "

"ကိုမောင်ဟာလေ ဒီစကားပဲ ပြောပြောနေတာပဲ။ ဘယ်ဘဝမျိုးပဲ ဖြစ် ဖြစ်၊ ခင်မျ း ကိုမောင်နဲ့ အတူဆို နေနိုင်ပါတယ်လို့ဆိုနေမှ"

"စိတ်မဆိုးပါနဲ့ မိန်းမရယ်။ ကိုမောင်က စေတနာနဲ့ပြောမိတာပါ"

ညနေလေးနာရီတွင် ခင်မျိုးမြတ်တို့ စီးနင်းလိုက်ပါလာသော ရထားကြီးသည် ပဲခူးဘူတာကို ဆိုက်ကပ်လာတော့၏ ။

အထုပ်အပိုးကလေးများ ကိုချကာ အတန်ငယ်ကြာအောင်ပင် မောင်မောင်နှင့် ခင်မျိုးမြတ်သည် ဘယ်သွား၍ ဘယ်လာရမှန်းမသိအောင် ယောင်လည်လည် ဖြစ်နေ၏ ။

"ကိုမောင်.... ဒီလိုရပ်နေလို့တော့ မပြီးသေးဘူး။ ဟိုဈေးသည်အဒေါ်ကြီးတွေ ဆီမှာ တစ်ခုခု ဝယ်စားရင်း နေစရာအိမ်ရှာကြရအောင်"

"ထန်းသီးတွေ ဘယ်လိုရောင်းလဲ"

"တစ်မတ်ဖိုး သုံးမွှာယူပါ"

"ငါးမူးဖိုးပေးပါရှင်"

ထန်းသီးသည်မိန်းမကြီးက စက္ကူနှင့် ထန်းသီးများ ကို လုံခြုံစွာ ထုပ်ရင်း.....

"ညီမတို့ ဘယ်အရပ်က လာကြတာလဲ"

"မကွေးကပါ"

"ဟင်... မကွေးကနေ ဒီကို ရထားနဲ့လာလို့ရလို့လား"

ထန်းသီးသည်မကြီးက အံ့သြနေ၏ ။

"ဩော်.... ကျွန်တော် တို့နေတာက မကွေး။ အဲဒီ ကနေ အထက်ဘက် ခရီးထွက်လာရင်း ဒီကို ရောက်လာတာပဲ"

"ဩော်.... ဩော်။ ဒီကဆွေမျိုးတွေ ဆီ လာလည်တာပေါ့"

"မဟုတ်ဘူးရှင့်။ ပဲခူးမှာ ကျွန်မတို့ဆွေမျိုး တစ်ယောက် မှ မရှိဘူး။ မိတ်ဆွေအပေါင်းအသင်းလဲ မရှိဘူး။ ဒီမှာ အလုပ်အကိုင်ရှာပြီး နေထိုင်ဖို့ ထွက်လာခဲ့ကြတာ"

ထန်းသီးသည့်မကြီးက မောင်မောင်နှင့် ခင်မျိုးမြတ်ကို အကဲခတ်ကြည့်ရှုနေပြန်၏ ။

“ဟောဒီလမ်းအဆုံး ညာဘက်အကွေ့ကလေးမှာ အိမ်တစ်လုံးငှားဖို့တော့ရှိတယ်။ သွား စုံစမ်း ကြည့်ပါလား။ လူချမ်းသာရပ်ကွက်ထဲကပါပဲ”

“အို..... ကျွန်မတို့ လူချမ်းသာရပ်ကွက်ထဲမှာ မနေချင်ပါဘူး။ ဆင်းရဲသားရပ်ကွက်မှာ ပဲ အေးအေး ချမ်းချမ်း လုပ်ကိုင်စားသောက်နေချင်ပါတယ်။ အစ်မကြီးတို့ကော ဘယ်မှာ နေသလဲဟင်”

“အစ်မကြီးတို့ ကတော့ ဆင်းရဲသားရပ်ကွက်မှာ ပေါ့။ နေဦး.... ငါ့ညီမနေချင်ရင် ဟို ဆီထမင်း သည်ကြီး ခေါ်လိုက်မယ်။ သူ့အိမ်မှာ သူ တစ်ယောက် ထဲရယ်။ သူ့အိမ်များ ငှားမလားမဆိုနိုင်။ အို.... ဒေါ်ငွေမယ်။ ခဏလာပါဦးရှင့်”

အသက် ငါးဆယ်ခန့်ရှိ အသားညိုညိုပိန်ပိန်ပါးပါး မိန်းမကြီး တစ်ယောက် သည် ဗန်းကလေး တစ်ခုရွက်ကာ ခင်မျိုးမြတ်တို့ထံ လျှောက်လာနေ၏ ။

“ဘာလဲ မအေးတင်”

“သြော်.... ဟောဒီညီမလေးတို့လင်မယားက အိမ်ငှားချင်လို့တဲ့”

“ငါ့ဆီထမင်းဝယ်စားကြမလားလို့ အားရဝမ်းသာလျှောက်လာပါတယ်။ ကြုံကြုံဖန်ဖန် အိမ်ငှား ချင်လို့တဲ့”

“ဒေါ်ငွေမယ်ကြီးကလဲလေ။ ဗန်းကလေးဘာလေးချပါဦး။ ခများများ ဒုက္ခရောက်လာတာ ကူညီရအောင်လို့”

“ဟုတ်ပါတယ် အဒေါ်။ ကျွန်မတို့လင်မယားမှာ နေစရာမရှိလို့ပါ။ ဟောဒီအစ်မကြီးက အဒေါ့် အိမ်မှာ အဒေါ် တစ်ယောက် ထဲရယ်။ ငှားမလား မဆိုနိုင်ဘူးဆိုလို့ စုံစမ်းကြည့်မလို့ပါ”

“ညည်းတို့ရုပ်ရည်တွေ ကြည့်ရတာ တို့လို ဆင်းရဲသားထဲ ကတော့

ဟုတ်ဟန်မတူပါဘူး”

“အို.... ဘာပဲ ဖြစ် ဖြစ်ပေါ့ ဒေါ်ငွေမယ်ရယ်။ ဒေါ်ငွေမယ်အိမ်မှာ နေချင်လို့ပြောနေတဲ့ဟာကို ငှားမယ်၊ မငှားဘူးဆိုတာသာပြောလိုက်စမ်းပါ”

ထန်းသီးသည်မကြီးက စိတ်မရှည်ဟန်ဖြင့် ဝင်ပြောလိုက်သည်။

“ဟုတ်ပါတယ်အဒေါ်ရယ်။ ကျွန်မတို့မှာ အချိန်လဲမရှိတော့ဘူး”

“အေးလေ။ ငါကလဲ လူတစ်ဖက်သားကို ကူညီချင်တဲ့စိတ်တော့ရှိပါတယ်အေ။ ဒါပေမယ့် ငါ့အိမ်က အိမ်လို့သာခေါ်နေတာ။ အမိုးနဲ့ အကာကလွဲလို့ ဘာမှ လုံလုံလဲလဲရှိတာမဟုတ်ဘူး။ တဲပုတ် ကလေးပဲ”

“ဘာပဲ ဖြစ် ဖြစ်ပါလေ။ နေလို့ရရင်ပြီးတာပဲ”

“ကောင်းပြီလေ။ ညည်းတို့နေချင်သပဆိုရင် အခန်းကလေးတစ်ခုကာပေးမယ်။ လခ ကတော့ တစ်လ နှစ် ဆယ် အစိတ်လောက်ပေးပေါ့အေ.... ဟုတ်လား”

ခင်မျိုးမြတ်နှင့် မောင်မောင်မှာ ထခုန်ချင်လောက်အောင်ပင် ဝမ်းသာသွားကြ၏ ။

“ပေးပါ့မယ်အဒေါ်ရယ်။ ပေးပါ့မယ်”

“ကဲ.... ဒါဖြင့် အိမ်ကို သွားကြစို့”

“အကူအညီပေးတဲ့ ဒီကအစ်မကြီးကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီအဒေါ်ကြီးအိမ်ကို သိတယ် မဟုတ်လား။ လာလည်ဦးနော်”

“သူ့အိမ်နဲ့ အစ်မအိမ်က မျက်နှာချင်းဆိုင်ပဲ ညီမရဲ့ ”

“အို.... ဒါဖြင့် ဟန်ကျတာပေါ့”

ဆီထမင်းသည်မကြီး ဒေါ်ငွေမယ်၏ နေအိမ်သည် သက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးခင်းထားသော တဲကုပ်ကလေးမျှသာ ဖြစ်၏ ။ အိမ်ခြေ အစိတ်၊ သုံးဆယ်ခန့်ရှိသော

ရပ်ကွက်တွင် တည်ရှိနေ၏ ။ ပဲခူး ဘူတာနှင့် လည်း အလှမ်းမကွာလှပေ။

"ကဲ.... ရောက်ပြီ။ အဲဒါ အဒေါ့်အိမ်ပဲ။ မင်းတို့ဖို့တော့ အခန်းကာပေးရလိမ့်မယ်"

"ဒီအနီးအနားမှာ ကျူထရံယက်ပြီးသား ဝယ်လို့လွယ်သလား အဒေါ်"

"ရပါတယ်မောင်ရင်ရဲ့ ။ ဟိုဘက်ထိပ်နားတင် ဆိုင်ရှိတယ်"

"ဒါဖြင့် ဟန်ကျတာပဲ။ ကျွန်တော် သွားဝယ်မယ်။ အခန်းကလေး ကာလိုက်တာပေါ့"

"အေး.... အေး။ အဲဒါကောင်းတယ်။ ဟဲ့ .... ဒါနဲ့ ငါ့တူမတို့ နာမည် တွေ တောင် အဒေါ်မသိရ သေးဘူး"

"ကျွန်မနာမည် က ခင်မျိုးမြတ်တဲ့။ ကျွန်မယောက်ျားနာမည် က မောင်မောင်ပါ အဒေါ်"

"အေး.... အေး.... ဟုတ်ပြီ။ ခင်မျိုးမြတ်နဲ့ မောင်မောင်"

"ခင်မျိုး၊ ကိုမောင် ကျူထရံသွားဝယ်လိုက်ဦးမယ်နော်"

"သွားလေ"

ဆီထမင်းသည် ဒေါ်ငွေမယ်ကြီးသည် ကြွေရည်သုတ်ပန်းကန်တစ်ချပ်တွင် ဆီထမင်းနှင့် ငါး သလောက်ကျော် တစ်ပွဲကို ပြင်၍ ခင်မျိုးမြတ်၏ ရှေ့တွင် ချပေးလိုက် သည်။

"အမောအပမ်းဖြေရင်း စားဦး တူမကြီး"

"ဒုက္ခရှာလို့ ဒေါ်ဒေါ်ရယ်"

"အို.... ဘယ်ကလာ ဒုက္ခရှာရမှာ လဲ။ အဆင်သင့်ရှိလို့ကျွေးရတာ ။ စားပါတူမကြီးရယ်"

ခင်မျိုးမြတ်သည် ငါးကျော်တစ်ဖဲ့ကို ဆီထမင်းတွင် မြှုပ်၍ စားရင်း ဒေါ်ငွေမယ်ကြီးနှင့် ထွေရာ လေးပါးပြောနေ၏ ။

"ဒီအိမ်မှာ အဒေါ် တစ်ယောက် ထဲနေတာလား"

"ဟုတ်တယ် တူမကြီးရဲ့"

"အဒေါ့်မှာ ဆွေမျိုးသားချင်းမရှိဘူးလားဟင်"

"အဒေါ်က မုဆိုးမ။ ဆွေမျိုးသားချင်းဆိုလို့ အစ်မ တစ်ယောက် ပဲ အဒေါ့်မှာ ရှိတယ်။ သူကလဲ သီလရှင်ဝတ်ပြီး စစ်ကိုင်းမှာ သွားတရားအားထုတ်နေတာ သုံးလေးလမှတစ်ခါ ဒီရောက်လာတတ် တယ်"

"အစ်မအေးတင်ကကော ဘယ်အိမ်မှနေတာလဲ"

"ဟောဟိုအိမ်မှာ လေ။ အပြင်မှာ ဆော့နေတာ သူ့သမီးကလေး ပူစူးမပေါ့။ သူ့မှာ လဲ ဒီသမီး ကလေး တစ်ယောက် ပဲ ရှိတာ"

"ဟုတ်လား။ သူ့ယောက်ျားကကော ဘာလုပ်သလဲ အဒေါ်"

"သစ်တော် ဌာနမှာ ကျဘန်းအလုပ်ကြမ်းသမားပေါ့ကွယ်။ ပညာမှမတတ်တာ။ ဒါပေမယ့် အားကြီးတော့ စိတ်ကောင်းရှိတယ်။ လူလဲ သိပ်ခင်တတ်တာ။ ညကျရင် တူမကြီးတို့ကို မိတ်ဖွဲ့ ရအောင် ပေါ်လာပါလိမ့်မယ်။ မယုံရင်စောင့်ကြည့်နေ"

"အင်း... အဲသလို ခင်တတ် မင်တတ်တဲ့သူနဲ့ တွေ့ဦးမှပဲ အဒေါ်။ နို့မဟုတ်ရင် ခင်မျိုး ယောက်ျားမှာ အဖော်မရှိ ဖြစ်နေဦးမယ်"

ဒေါ်ငွေမယ်ကြီးနှင့် ခင်မျိုးမြတ် စကားကောင်းနေစဉ်မှာ ပင် ကျူဖျာချပ်များ ကို ကိုယ်တိုင်သယ် ဆောင်လာကာ မောင်မောင် ပြန်ရောက်လာ၏ ။

"အို.... ဘာ ဖြစ်လို့ ကိုယ်တိုင်ထမ်းလာရတာ လဲကိုမောင်ရယ်။ တစ်ယောက် ယောက် ကို ငှားအသယ်ခိုင်းရောပေါ့"

ခင်မျိုးမြတ်သည် လင် ဖြစ်သူ ပင်ပန်းမည် ကို မကြည့်ရက်နိုင်ဟန်ရှိလှ၏ ။

"ဘယ်လောက်များ လေးလို့လဲခင်မျိုးရယ်။ သူများ ကိုငှားလဲ သူများ ကလဲ

မောင့်လိုပဲ ထမ်းခဲ့ရ မှာ ပဲ။ သယ်ခတောင် ပေးရဦးမယ်။ အခု အကိုမောင်နဲ့ ခင်မျိုး ချွေချွေတာတာနေရမယ့်အချိန်ဗျ သိရဲ့ လား”

မောင်မောင်သည် ခင်မျိုးမြတ်၏ မျက်နှာကလေးကို မဝသော အကြည့်ဖြင့် ကြည့်ရင်း ရွှင်ရွှင်ကြီး ပြောနေ၏ ။

“အင်းပါလေ။ ကိုမောင့်ကို ခင်မျိုးဆင်ခြေမတက်ချင်တော့ပါဘူး။ ကဲ.... ခဏတဖြုတ် အနားယူ ပါဦး။ နောက်မှ အခန်းကာတာပေါ့”

“အမိန့်တော် မြတ်အတိုင်းပါပဲဗျာ”

မောင်မောင်သည် ရွှတ်နောက်နောက်ပြောရင်း ဇနီးသည်ကလေး၏ နံဘေးတွင် ကပ်၍ ထိုင်ချလိုက်သည်။

ခင်မျိုးမြတ်က ဆီထမင်းကပန်းကန်ပြားကလေးကို မောင်မောင်၏ ရှေ့သို့ တိုးပေးလိုက် သည်။

“ဒေါ်ငွေ့ဆီထမင်းလဲ စားပါဦး ကိုမောင်။ ကောက်ညှင်းကလေးက အိနေတာပဲ”

ငါးကျော်ကို အရိုးအယှင်းထွင်ကာ သူက ချစ်လင်ကို တယုတယ ကျွေးမွေးနေပေ၏ ။

“တူမကြီးတို့ ရေချိုးချင်လဲ ချိုးကြ။ နောက်ဖေးမှာ ရေတွင်း လဲရှိတယ်။ ခပ်ထားတဲ့ရေလဲ သံစည်ပိုင်းထဲမှာ ရှိသေးတယ်။ အဒေါ်တော့ ညစာထမင်းအိုး တယ်လိုက်ဦးမယ်”

“ဘာဟင်းချက်သလဲ အဒေါ်”

“ငါးသလောက်ဟင်း ငါ့တူရဲ့ ။ ကြိုက်တယ် မဟုတ်လား”

“အဒေါ်က ကျွန်တော် တို့လင်မယားကို ထမင်းကျွေးမလို့လား”

“ဟုတ်တယ်လေ”

“ဟန်ကျတာပဲ။ အဒေါ် ငါးသလောက်ဟင်းနဲ့ ထမင်းအဝတုတ်ပြီး အိပ်ရသေးတာပေါ့”

ဒေါ်ငွေမယ်ကြီးက ပြုံး လိုက်သည်။

ခင်မျိုးမြတ်သည် မောင်မောင်၏ ပေါင်ကို လှမ်းဆိတ်လိုက်၏ ။

“အောင်မယ်လေးဗျ.... ဆိတ်တယ်”

“ဆိတ်တာပေါ့။ ကိုမောင့်မျက်နှာကလေး အခုတလော စပ်ဖြီးဖြီး ပြောင်ချော်ချော်နဲ့၊ ဘယ်လို ဖြစ်နေမှန်းကို မသိဘူး”

ခင်မျိုးမြတ်က လင် ဖြစ်သူကို ချစ်မက်ဖွယ်ရာ မျက်စောင်းကလေးထိုး၍ ပြောလိုက်သည်။

“ကိုမောင် ဘာ ဖြစ်နေတယ်ဆိုတာ ခင်မျိုးမသိဘူးလား”

“မသိပေါင်”

“တကယ်မသိတာလား”

“အို.... မသိပါဘူးဆိုနေမှ”

“မိန်းမရလို့ပျော်နေတာဗျ၊ သိရဲ့ လား... သိရဲ့ လား”

“ကြည့်လေ။ ပြောခါမှ သူပိုကဲတယ်။ ပေါင်ကအသားတွေ ပဲ့ပါအောင်သာ ဆိတ်ပစ်လိုက်ချင် တော့တာပဲ“

“မလုပ်ပါနဲ့ဗျာ။ မိန်းမခိုးလာတဲ့ညကတည်းက ပြေးရ လွှားရနဲ့ အခုမှပဲ အိမ်နဲ့ ယာနဲ့ အတိုးချပြီး ချစ်မယ်ကြံကာရှိသေး။ ပေါင်နာလို့ အခန်းမကာနိုင် ဖြစ်နေပါဦးမယ်”

“သူလေ.... ကဲဦး... ကဲဦး”

ခင်မျိုးမြတ်သည် လက်သီးဆုပ်ကလေးဖြင့် ချစ်လင်၏ ကျောပြင်ကို ဗျောတင်လေတော့သည်။

မောင်မောင်ကလည်း တဟီးဟီး တဟားဟားနှင့် သဘောခွေ့လျက်....

ချစ်စ ကြင်စမို့ ချစ်၍ မကုန် ကျီစယ်၍ မဆုံး ဖြစ်နေကြသော ဇနီးမောင်နှံကို ဒေါ်ငွေမယ်ကြီး သည် လစ်လျူရှုကာ ညစာအတွက် မီးဖိုဆောင်တွင် သာ တစ်ယောက် တည်း လုံးပမ်းနေပေ၏ ။

•••

၁၈။

ထန်းသီးသည် မအေးတင်သည် အိမ်မှု ကိစ္စများ ပြီးစီးသွားပြီမို့ ဒေါ်ငွေမယ်၏ အိမ်ဘက်သို့ ကူးလာ၏ ။

ရေနံ့ဆီမီးခွက်ရှေ့တွင် ကောက်ညှင်းဆန်ရွေးနေသော ဒေါ်ငွေမယ်သည် မအေးတင်လာနေ သည်ကို တွေ့လိုက်ရလျှင် လက်ထဲမှ စကောကို အသာချကာ အိမ်ပေါ်မှ ဆင်းလိုက်သည်။

“ဟဲ့.... မအေးတင်။ ကောင်ကလေးနဲ့ ကောင်မကလေးက ခိုးပြေးလာကြတာ”

“ဟုတ်လား”

“ဟုတ်တယ်အေ့။ ညနေက လင်မယားနှစ် ယောက် ပြောနေသံ ငါ တစ်စွန်းတစ်စ ကြားလိုက် ရတာ ပဲ”

ခင်မျိုးမြတ်တို့၏ အပ်ခန်းကလေးဆီသို့ လှမ်းကြည့်ရင်း ဒေါ်ငွေမယ်ကြီးက လေသံဖြင့် တိုးတိုး တိတ်တိတ် ပြောနေ၏ ။

“အင်း.... ကျွန်မလဲ သူတို့ကို တွေ့တွေ့ချင်း ခိုးပြေးလာကြတာလို့ ထင်တော့ ထင်မိသားပဲ။ သနားပါတယ်နော်။ ကောင်ကလေးကော ကောင်မကလေးပါ စိတ်ကောင်းရှိကြပုံပေါ်ပါတယ်”

"ငါ့မလဲ ဘယ်က ရေစက်မှန်း မသိပါဘူးအေ။ သူတို့နှစ် ယောက် ကို တွေ့တွေ့ချင်း ကိုယ့်သား ကိုယ့်သမီးလိုပဲ အောက်မေ့မိတယ်။ ဒါကြောင့် လဲ ငါ့အခန်းငှား ဖြစ်ခဲ့တာပေါ့"

"သူတို့ အိပ်ပြီလားမသိဘူး။ ကျွန်မပြန်တော့မယ်"

"မအိပ်သေးပါဘူးအေ။ ခုတင် ထမင်းစားပြီး အခန်းထဲ ဝင်သွားကြတာ။ လာပါ အိမ်ပေါ် တက်ပါဦး"

ဒေါ်ငွေမယ်က အတင်းဆွဲခေါ်နေ၏ ။

နှုတ်ခမ်းများ စုတ်ဖွာနေသော သင်းဖြူဖျာကလေးတွင် မအေးတင်က ထိုင်လိုက်သည်။

"တူမကြီးရေ။ ဒီမှာ မအေးတင် ရောက်နေတယ်"

"လာပြီ အဒေါ်"

လင်မယားနှစ် ယောက် စလုံး အခန်းထဲမှ ထွက်လာကာ မအေးတင်၏ အနီးတွင် ထိုင်လိုက် ကြသည်။

"စားပြီးခဲ့ပြီလား မမတင်"

"ပြီးခဲ့ပြီ ညီမရဲ့ "

"အစ်မယောက်ျားကော ပါမလာဘူးလား"

မောင်မောင်က မေးလိုက်သည်။

"သူ တော် တော် ကြာ လိုက်လာပါလိမ့်မယ်"

"သူကလဲ ယောက်ျားအဖော်ရှိနေတာ အစ်မရေ"

"ကိုညွှက်ကလဲ အားကြီး မိတ်ဆွေဖွဲ့တတ်တာ။ ညီမယောက်ျားအတွက်တော့ အဖော်ကောင်း ရပါလိမ့်မယ်"

ဒေါ်ငွေမယ်သည် အကြမ်းအိုး၊ ထန်းလျက်ခဲနှင့် မြေပဲလှော်ပန်းကန်ကို ချပေးရင်း သူပါ စကား ဝိုင်းတွင် ပါဝင်လာ၏ ။

နာရီဝက်ခန့်အချိန်ကြာလျှင် ခေါင်းတွင် မျက်နှာသုတ်ပဝါပေါင်းထားသော အသားညိုညိုပိန်ပိန်ပါးပါး လူ တစ်ယောက် အိမ်ပေါ်သို့ တက်လာ၏ ။

"လာ.... ကိုညွှက်။ ညနေက ကျွန်မပြောတာ သူတို့လင်မယားပေါ့"

"ငါ့ညီတို့ ထမင်းစားပြီးကြပလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"အင်း.... မင်းတို့လင်မယားအကြောင်း မအေးတင်က အစ်ကို အလုပ်ကပြန်လာလာခြင်း ပြောတယ်။ အခုလို ဆိုက်ဆိုက်မြိုက်မြိုက် အိမ်ခန်းရသွားတာ ကံကောင်းတာပေါ့ကွယ်"

"ဟုတ်တယ်အစ်ကို။ အမအေးတင်သာ မကူညီရင် ကျွန်တော် တို့လင်မယား ခုအထိ ယောင်ချာချာနဲ့ နေဦးမှာ "

"မအေးတင်က ဒီဘက်ဆို သိပ် စိတ်ချရတာ "

"တော် ကလဲ သိပ်မြှော က်မနေစမ်းပါနဲ့"

"အခွင့်အရေး ရတုန်း အမှတ်ယူနေရတာ မိန်းမရေ"

ကိုညွှက်၏ စကားကြောင့် ဝါးကနဲ ပွဲကျသွား၏ ။

"ဒါနဲ့ ငါ့ညီတို့က ဒီမှာ ပဲ အခြေစိုက်ကြမှာ လား"

"ကျွန်တော် တို့ ကတော့ ဒီမှာ ပဲ အခြေစိုက်ဖို့ ဆုံးဖြတ်ထားတယ်"

"ဘာလုပ်မယ်စိတ်ကူးသလဲ"

"ရရာအလုပ်ပေါ့ အစ်ကိုရာ။ အလုပ်ကြမ်းသမားအဖို့ အလုပ်တော့ ရှားမယ် မထင်ပါဘူး"

“ဟေ့.... ဒါဖြင့် အစ်ကိုတို့ဌာနမှာ ဝင်လုပ်မလား။ အစ်ကိုတို့လိုပဲ ကျဘန်းနေ့စား အလုပ် သမားပေါ့”

“ရရင်တော့ လုပ်ချင်တာပေါ့ အစ်ကိုရာ”

“ဟာ.... သိပ်ရတာ ပေါ့။ လူလေးငါးယောက် လောက် လိုနေတာကြာပြီ။ ငါ့ညီလုပ်မယ်ဆိုရင် အစ်ကိုနဲ့ မနက်ဖြန်လိုက်ခဲ့။ စာရေး ကြီးဆီ ခေါ်သွားပေးမယ်”

“ခင်မျိုး ဘယ်လိုသဘောရသလဲ”

မောင်မောင်က ဇနီးသည်ကလေး၏ သဘောထားကို မေးမြန်းနေ၏ ။

“ကိုမောင့်သဘောပဲလေ။ ကိုမောင့်အတွက် သိပ်များ ပင်ပန်းနေမလားလို့”

“အောင်မယ်လေး မိန်းမရယ်။ အလုပ်ဆိုတာမျိုးဟာ သူ့အထိုက်အလျောက်တော့ ပင်ပ်းကြ ရတာ ချည်းပဲ။ သက်သက်သာသာအလုပ်ရယ်လို့ မရှိပါဘူး။ အလုပ်ပင်ပနိပန်းမှာကို ကိုမောင် မကြောက်ပါဘူး”

“ကောင်းပါပြီတဲ့ရှင်.... သဘောပါပဲ။ ခင်မျိုး မကန့်ကွက်ပါဘူးတဲ့”

“ကဲ.... အစ်ကိုတို့ ကြားတယ်နော်။ ကျွန်တော့် မိန်းမပြောတာကို။ မနက်ကျရင် ကျွန်တော် အစ်ကိုနဲ့ လိုက်ခဲ့မယ်”

သို့နှင့် မောင်မောင်သည် သစ်တောဌာနတွင် အလုပ်ကြမ်းသမား တစ်ယောက်ဖြစ်လာ၏ ။ ကိုညွက်တို့လင်မယားနှင့် ဒေါ်ငွေမယ်ကြီးတို့က အပြည့်အဝ ကူညီဖေးမနေသောကြောင့် မောင်မောင် နှင့် ခင်မျိုးမြတ်တို့၏ ဘဝသည် အဆင်ပြေ၍ သာယာစိုပြည်လျက်ရှိပေ၏ ။

ခင်မျိုးမြတ်သည် အဖေ့သမီးဟု အထူးထုတ်ဖော်ပြောစရာမလို။ အသည်းကားမာလှ၏ ။ သတင်းစာတွင် နေ့စဉ်ရက်ဆက် ပါလာသော သမီးအ ဖြစ်က စွန့်လွှတ်ခြင်းနှင့် အမွေပြတ်ကြော်ငြာ ကြောင့် အတိတ်ဘဝကို လုံးဝမေ့ပစ်လိုက်၏ ။ သူ့အား ချစ်လှသော မိခင်အတွက်ကိုပင် မစဉ်းစားတော့။ စိတ်သစ်၊ လူသစ်၊ ဘဝသစ်ကိုသာ

ထူထောင်နေပေတော့၏ ။ ခြစ်ခြစ်ကုပ်ကုပ် ဆင်းဆင်းရဲရဲနှင့် နေရ သော လက်ရှိဘဝကို သုက နတ်စည်းစိမ်နှင့် ပင် မလဲနိုင်အောင် ရှိနေ၏ ။ ချစ်လင်မျက်နှာ တစ်ရွာမှတ် ထင်ကာ ချစ်လင်သည်သာ သူ့ကမ္ဘာ ဖြစ်နေလေပြီ။

"ကြည့်စမ်းပါဦး မိန်းမရယ်။ အရင်က ရွှေနားရစ်ကြွေပန်းကန်၊ ကြွေဇွန်း၊ ငွေဇွန်းနဲ့ စားခဲ့ သောက်ခဲ့ရတဲ့ ကိုမောင့်မိန်းမ၊ အခုလို သံပန်းကန်၊ သံဇွန်းနဲ့ စားရတဲ့ဘဝကို စိတ်မပျက်မိဘူး လားဟင်"

တစ်ခါတစ်ရံ ထမင်းစားပွဲတွင် မောင်မောင် ထိုသို့ ပြောလိုက်မိလျှင် ခင်မျိုးမြတ်က မျက်စောင်း ထိုးပစ်တတ်၏ ။

"ဘာပန်းကန်နဲ့စားစား ဗိုက်ပြည့်ဖို့ကသာ အရေး ကြီးတာမဟုတ်လား ကိုမောင်။ ဝမ်းဝပြီး စိတ်ချမ်းသာဖို့သာ အဓိကပါ"

ခင်မျိုးမြတ်က ထိုသို့ လည်း ပြန်လည် ချေပတတ်၏ ။ ထိုသို့ သော ချေပချက်၊ ခံယူချက်များ ကြောင့် ပင် မောင်မောင့်မှာ ခင်မျိုးမြတ်အား ဆက်ထက်ထမ်းပိုး တိုးလို့သာ ချစ်မြတ်နိုး၍ နေရပေ၏ ။

မည် မျှပင် အလုပ်ခွင်က ပင်ပန်း နွမ်းနယ်၍ လာစေကာမူ မောင်မောင်သည် ခြံဝတွင် ဆီးကြိုနေ သော ဇနီးသည်၏ ရွှင်ပျသော မျက်နှာကလေးကို တွေ့ လိုက်ရသည်နှင့် ပင်ပန်းခဲ့သမျှ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြ၏ ။

တစ်ခုသော ညနေခင်း.....

ထမင်းချိုင့်ကလေး လက်ကဆွဲ၍ အလုပ်ခွင်မှ ပြန်လာသော မောင်မောင်သည် ခါတိုင်းနေ့ များ လို ခြံဝတွင် အပြုံး ပန်းတွေ နှင့် ဆီးကြိုနေတတ်သော ဇနီးသည်အား မတွေ့ လိုက်ရလျှင် ရင်ထဲတွင် ဟာကနဲ ဖြစ်သွား၏ ။

"ခင်မျိုး ဘာ ဖြစ်လို့ပါလိမ့်။ နေများ မကောင်းလို့လား"ဟူသော ပူပင်စိတ်ဖြင့် အိမ်ပေါ်သို့ လေ၏ လျင်မြန်နှုန်းကဲ့သို့ ရောက်ရှိသွား၏ ။

"ဒေါ်ဒေါ် ခင်မျိုးကော"

ကောက်ညှင်းဆန်ဖွေးနေသော ဒေါ်ငွေမယ်က ပြုံး ပြုံး ပြာပြာနှင့် မေးလာသော မောင်မောင်ကို ပြုံး ၍ ကြည့်လိုက်သည်။

"ရှိပါတယ်ကွယ့်။ အခန်းထဲမှာ ပါ"

"အင်း.... အဘွားကြီးပြုံး နေပုံထောက်ရင် ခင်မျိုး နေမကောင်းတာတော့ ဖြစ်ဟန်မတူဘူး။ ငါ့ကိုများ စိတ်ကောက်နေသလား"

ထမင်းချိုင့်ကလေးကို အသာချကာ ပေါ့ဖွသော ခြေလှမ်းများ ဖြင့် မောင်မောင်က အခန်းထဲသို့ ဝင်လာ၏ ။

မျက်လုံးကလေးများ မှိတ်၍ အိပ်ရာပေါ်တွင် မှိန်းနေသော ခင်မျိုးမြတ်ကို သူက တွေ့ လိုက်ရ၏ ။

"ခင်မျိုး"

ခင်မျိုးမြတ်၏ မျက်လွှာကလေးများ ပင့်လာ၏ ။

"ဩော်.... ကိုမောင်တောင် အလုပ်က ပြန်လာပြီပဲ"

"ဟုတ်တယ်။ ခင်မျိုးနေမကောင်းဘူးလားဟင်"

လက်ဖဝါးနုနုကလေးကို အသာဆုပ်ကိုင်မေးနေ၏ ။ သူ့အမူအယာက ပူပန်လွန်းဟန် ရှိလှ၏ ။

"ခင်မျိုး ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေလို့ပါ"

"မ ဖြစ်ဘူး။ မ ဖြစ်ဘူး။ ဆရာဝန်ဆီ ခေါ်သွားမှပဲ"

"ပူပန်တတ်ရန်ကော ကိုမောင်ရယ်။ ဒီ ရောဂါ မျိုးက မိန်းမတိုင်း ဖြစ်လေ့ ဖြစ်ထရှိတဲ့ ကမ္မာနာပါ။ မနက်ကလဲ ခင်မျိုး ဆေးရုံရောက်ခဲ့ပြီးပါပြီ။ ဒေါ်ဒေါ်ငွေ ခေါ်သွားတာလေ"

"ဘာ ဖြစ်တယ်လို့ ပြောလိုက်သလဲ ဟင်"

ခင်မျိုးမြတ်က ပြန်မဖြေသေးဘဲ ချစ်လင်၏ မျက်နှာကို ပြုံး ကြည့်နေပြန်၏ ။

"ဟောဗျာ။ စိတ်ပူတဲ့လူက ပူလို့မေးတာကို ခင်ဗျားက ပြုံး နိုင်တယ်နော်"

မကျေနပ်သံကြီးဖြင့် မောင်မောင်က ပြောလိုက်သည်။

"ဆရာဝန် ဘာပြောတယ်ဆိုတာကို တကယ်ကြားချင်နေပြီပေါ့ ဟုတ်လား ကိုမောင်"

"အောင်မယ်လေးဗျာ.... ကျားကိုက်ပါတယ်ဆိုမှ အမေးအမြန်းထူနေပြန်ပြီ"

"ခင်မျိုး ကိုမောင့်ကို စနေတာပါကွယ်။ ဆရာဝန်က ပြောတယ်။ ကိုမောင်ရဲ့ အဆက်အနွယ် ကလေး ခင်မျိုးဗိုက်ထဲမှာ ရောက်နေပြီတဲ့"

"တကယ်လား မိန်းမရယ်။ တကယ်လားဟင်"

"တကယ်ပါ ကိုမောင်ရဲ့ "

"ကလေးအဖေ ဖြစ်ရဦးမှာ ပါလားဗျာ။ ပျော်လိုက်တာ အရပ်ကတို့ရေ"

မောင်မောင်က ခင်မျိုး၏ ကိုယ်လုံးကလေးကို ပွေ့ယူကာ သန်မာသော လက်မောင်းများ ထဲ တွင် တင်းကျပ်စွာ ဖက်ထားလိုက်၏ ။

"အသက်ရှူကျပ်လှပါတယ် ကိုမောင်ရယ်"

"ဘွာ... ဘွာ.... ကိုမောင်လဲ ဝမ်းသာလွန်းလို့ အတင်းဖက်ထားလိုက်မိတာ။ တော်တော် ကြာ ဗိုက်ထဲကချာတိတ်ကလေးပါ မှန်းနေဦးမယ်"

"ကြည့်လေ မဟုတ်ကဟုတ် ကတော့ ပြောတော့မယ်"

"ခင်မျိုး ကိုမောင်ကို ဘာလေးမွေးပေးမလဲဟင်"

"သား.... သားလေးမွေးပေးမယ်"

“သမီးလေးလဲ လိုချင်တယ်”

“ဒါဖြင့် သားသားလေး မလိုချင်ဘူးပေါ့”

“ဟင့်အင်း.... သားသားကလေးကော၊ မီးမီးကလေးကိုပါ နှစ် ယောက် စလုံး လိုချင်တယ်”

“ကြည့်လေ။ အကောင်းမေးနေတာကို သူဖောက်ဖောက်လာတယ်”

“စတာပါမိန်းမရာ။ သားပဲ ဖြစ် ဖြစ်၊ သမီးပဲ ဖြစ် ဖြစ် ကြိုက်ရာမွေးပေး။ ကိုမောင် ကတော့ ချစ်မှာ ချည့်ပဲ”

“အင်း.... တကယ်လို့ သားလေးမွေးလာရင် သူ့ကို ခင်မျိုးက မောင်မောင်ကျော်လို့ နာမည် ပေးမယ်”

“သမီးကလေးဆိုရင်တော့ စောမြတ်နွယ်လို့ ကိုမောင်က ခေါ်မယ်”

သားရှူး၊ သမီးရှူးထနေသော လင်မယားနှစ် ယောက် ၏ အတိုင်အဖောက်စကားသံများ ကို ကြားနေရသော ဒေါ်ငွေမယ်သည် ပြုံး ၍ ခေါင်းတစ်ညိတ်ညိတ်နှင့် ရှိနေ၏ ။

နံနက်တိုင်း အလုပ်သွားခါနီး တွင် ဇနီးသည်အတွက် မှာ လိုက် ကြားလိုက်ရသည်မှာ လည်း ကြားရသူ နားငြီးလောက်အောင် ဖြစ်၏ ။

“အဒေါ် စိတ်ချပါရစေနော်။ သူ ဘာမှ မလုပ်ပါစေနဲ့၊ နေထိုင်မကောင်းရင် ကျွန်တော့် ကို ချက်ချင်း သွားခေါ်ခိုင်းနော်”

ဟူ၍ ဒေါ်ငွေမယ်ကို မှာ ခဲ့ရသည်မှာ တစ်မျိုး။

“ခင်မျိုး အလေးအပင်တွေ မသယ်နဲ့နော်။ ရေစောစောချိုး။ ရေတွေ ဘာတွေ လဲ မသယ်နဲ့နော်။ ထမင်းဟင်းကိုလဲ ဖွယ်ဖွယ်ရာရာ ချက်နေစရာမလိုပါဘူး။ ငပိရည်တစ်ခွက်ရှိရင် ကိုမောင်စားနိုင်ပါ တယ်”

ဟူ၍ တစ်ဖုံ။ တစ်ဖွဖွနှင့် မမောနိုင် မပန်းနိုင် မှာ ခဲ့ရှာ၏ ။

သန္ဓေတည်စ တစ်လ၊ နှစ် လအတွင်း အစားအသောက်ပျက်၍ ပိန်ချုံးသွားခဲ့သော ခင်မျိုးမြတ် သည် လေးငါးလခန့်ရလာလျှင် စားဝင်အိပ်ပျော်၍ အသားအရည်ပြည့်ဖြိုး ကာ အလှတိုးလာလေသည်။

ငါးလလွန်လာပြီမို့ ဝမ်းတွင်းမှ အရင့်အမာ ဖြစ်လာသော သန္ဓေသားကလေးသည် တဒုတ်ဒုတ် လှုပ်ကာ အမိကို အားပေးလာ၏ ။

"ဟေ.... ဒီနားကို စမ်းကြည့်စမ်းကိုမောင်။ ချာတိတ်ကလေးလှုပ်နေတယ်"

မောင်မောင်၏ လက်ကိုကိုင်ကာ လှုပ်နေသော နေရာကို စမ်းသပ်ကြည့်နေ၏ ။

"ဟုတ်ပါရဲ့ ကွာ"

နှစ် ယောက် သား မွေးဖွားလာမည့် ရင်သွေးကို မှန်းဆတွေးကြည့်ကာ ကြည်နူး၍ မဆုံးနိုင် အောင်ပင် ဖြစ်နေ၏ ။

အိမ်ထောင်ကျသည်မှ ကိုယ်ဝန် ခုနစ်လရသည့်တိုင်အောင် ဖြောင့်ဖြူးသာယာလာသော ခင်မျိုးမြတ်နှင့် မောင်မောင်တို့၏ ဘဝကို ဘဝဇာတ်ဆရာက သူ့ဉာဉ်အတိုင်း တစ်မျိုးတစ်ဖုံ ပြောင်းလဲ ပစ်ရန် ဖန်တီးလိုက်တော့သည်။

"ခင်မျိုး.... ခင်မျိုးရေ....."

"မမအေးတင်ရေ..... လာပြီ..... လာပြီ......"

ကလေးအနှီးများ နှုတ်ခမ်းလုံးနေသော ခင်မျိုးမြတ်သည် မအေးတင်၏ ခေါ်သံကြားရ၍ ချုပ်လက်စအနှီးကို အသာချကာ အပြင်သို့ ထွက်လာ၏ ။

မအေးတင်နှင့် အတူ ခင်မျိုးမြတ် မမြင်ဘူးသော လူစိမ်းနှစ်ယောက် နှင့် မအေးတင်၏ ယောက်ျား ကိုညွှက်ပါ ပါလာ၏ ။ ကိုညွှက်က မျက်နှာကို တစ်ဘက်သို့ လွှဲထား၏ ။ ပါလာသော လူစိမ်းနှစ် ယောက် ၏ မျက်နှာများ ကလည်း ပျက်နေ၏ ။ မအေးတင်၏ မျက်လုံးများ တွင် မျက်ရည်တွေ ပြည့်အိုင်လျက် ဒေါ်ငွေမယ်က ခင်မျိုးမြတ်၏

နောက်နားတွင် ရပ်ကာ အခြေအနေကို စောင့်ကြည့် နားထောင်နေ၏ ။

“မအေးတင်.... ဘာကိစ္စရှိလို့လဲ။ အိမ်ပေါ်တက်ဦးလေ”

“ရှင်တို့ပြောရမှာ ကို ပြောလိုက်ကြလေ။ ကျွန်မတော့ ပြောမထွက်ဘူး”

မအေးတင်က ငိုသံပါကြီးနှင့် လူစိမ်းနှစ် ယောက် ကို ကြည့်ကာ ပြောလိုက်သည်။

“ဟင်..... မအေးတင်။ ကိုမောင်ဘာ ဖြစ်လို့လဲ။ ဟုတ်ပါတယ်။ ကိုမောင် တစ်ခုခု ဖြစ်နေပါပြီ။ ခင်မျိုး ဒီမနက်တစ်မနက်လုံး အောက်မျက်ခမ်းတွေ လှုပ်နေတယ်။ ပြောကြပါရှင်။ ကျွန်မယောက်ျား ဘာ ဖြစ်လို့လဲ”

“ဟဲ့.... ပြောလိုက်ကြလေ။ မောင်မောင်ဘာ ဖြစ်လို့လဲ”

“သစ်တုံး ပိ.... ပိလို့”

ခင်မျိုးမြတ်၏ မျက်လုံးများ သည် ပြူး ကျယ်ဝိုင်းစက်သွားကြကာ မျက်နှာကလေးသည် သွေးဆုတ် ဖြူရော်သွား၏ ။

“ဟင်.... သစ်တုံးပိလို့။ ဟုတ်လား။ သူဘာ ဖြစ်သွားသလဲဟင်။ ခင်မျိုးယောက်ျား သေတော့ မသေပါဘူးနော်။ မသေဘူးလို့ ပြောကြစမ်းပါ အစ်ကိုကြီးတို့ရယ်။ မသေဘူးလို့ ပြောကြစမ်းပါ”

“သူ..... ဆုံး.... ဆုံးသွားပြီ ညီမရယ်”

“ဟင်.... ဆုံးသွားပြီ”

ခင်မျိုးမြတ်၏ ရင်ထဲတွင် အလုံးကြီး ဆို့တက်လာကာ မျက်လုံးများ ပြာဝေသွားတော့သည်။

ကိုညွှက်က ခင်မျိုးမြတ်၏ ကိုယ်လုံးကလေးကို ပွေ့ချီထားလိုက်သည်။

“ဟဲ့.... ဟဲ့ လုပ်ကြပါဦး။ မေ့လဲသွားပြီ”

အတော် ကြာအောင်ပင် ဝိုင်းဝန်းပြုစုမှ ခင်မျိုးမြတ် သတိရလာ၏ ။

"စိတ်ကိုတင်စမ်းပါသမီးရယ်။ သေတဲ့လူကလဲသေပါပြီ။ ခုမှလဲ ဘာမှ တတ်နိုင်ကြတော့မှာ မဟုတ်ဘူး။ စိတ်ကို ဖြေပါနော်... စိတ်ကိုဖြေပါ"

ခင်မျိုးမြတ်၏ ဦးခေါင်းကလေးကို ပွတ်သပ်ကာ ဒေါ်ငွေမယ်က အားပေးဖျောင်းဖျနေ၏ ။

"ခင်မျိုးမဖြေနိုင်ဘူး အဒေါ်။ ခင်မျိုး သူ့ကို မှီပြီး အသက်ရှင်နေရတာ ။ ခင်မျိုး ကမ္ဘာပျက်ရပြီ။ ခင်မျိုး မဖြေနိုင်ဘူး အဒေါ်ရဲ့ ၊ မဖြေနိုင်ဘူး"

"အဒေါ်တို့ရှိပါသေးတယ် သမီးရယ်။ ဒီလောက်လဲ စိတ်အားမငယ်ပါနဲ့။ သမီးက လွတ်လွတ် လပ်လပ်လဲ မဟုတ်ဘူး။ ကိုယ်လေးလက်ဝန်ကြီးနဲ့ဆိုတာ သတိထားပါဦး"

"သူမရှိရင် ခင်မျိုးလဲ အသက်ရှည်မှာ မဟုတ်ဘူး အဒေါ်။ အသက်ရှည်မှာ မဟုတ်ဘူး။ သူနိမိတ်ဖတ်ခဲ့တာတွေ မှန်နေပြီ။ ခရီးမရောက်ခင် လေ့များ မှော ကဲ်ခဲ့ရင် ကိုယ်ကျိုးနဲရချည့်ရဲ့ တဲ့။ အခု တော့ သူ့ကို လှိုင်းပုတ်ခံရပြီး သူအထိနာရပြီအဒေါ်ရယ်၊ ခင်မျိုး.... ခင်မျိုး ရှူးတော့မှာ ပဲ ကိုမောင်။ ခင်မျိုး.... ရှူးရတော့မယ်"

သည်းပွတ်နှလုံး ကြေပြုန်းလုမတတ် ငိုကြွေးနေသော ခင်မျိုးမြတ်ကို မကြည့်ရက်တော့သည့် အလား အားလုံးက မျက်နှာလွှဲထားနေ၏ ။

ပရိဒေဝသော ကမီးသည် တစ်ညီးညီးတောက်လောင်နေလေပြီ။ ဘဝဇာတ်ဆရာ၏ ဖန်တီးချက် က နာကျည်းစရာကောင်းပါဘိ။

•••

၇။

စစ်ကိုင်းချောင်မှ ညီမထံသို့ အလည်အပတ်ရောက်ရှိလာသည့် သီလရှင်ဒေါ်ခေမာသီသည် သော ကမီး တမြည့်မြည့် လောင်ကျွမ်းလျက်ရှိနေသော ခင်မျိုးမြတ်ကို

သနားမဆုံး ဖြစ်နေ၏ ။ ဘုရား ဟော ကျမ်းဂန်တို့ကို ဟောပြောဖတ်ပြကာ တရားရေအေးဖြင့် သူ၏ သော ကမီးကို ငြိမ်းသတ်ပေး နေ၏ ။

"လူဆိုတာ သေမျိုးချည့်ပဲ သမီး။ အမေတို့... သမီးတို့လဲ ဘယ်လို ဘယ်ပုံ သေမင်းလက်တွင် း ကို ဆင်းကြရမယ် မသိဘူး။ ဒီတော့ သမီးရယ်။ သွားလေသူအတွက် ပူဆွေးတသနေမယ့်အစား သူ ကောင်းရာမွန်ရာရောက်ဖို့ ငါ့သမီး ဆုတောင်းပါ၊ မေတ္တာပို့ပါ။ စိတ်ပြေလက်ပျောက် ဖြစ်သွားအောင်း ငါ့သမီးကို အမေ စစ်ကိုင်းပြန်ရင် ခေါ်သွားချင်တယ်။ လိုက်ခဲ့မလားဟင်။ ဟိုရောက်ရင် ဘုရားတွေ ဖူးရတာ စိတ်ကြည်နူးစရာသိပ်ကောင်းတယ်"

"ဟုတ်သားပဲခင်မျိုးရယ်။ အဘွားခေမာသီနဲ့ လိုက် သွားပါလား။ စိတ်ပြေလက်ပျောက် ဘုရားလဲဖူးရင်း ရောက်ဖူးတယ်ရှိသွားတာပေါ့"

မအေးတင်ကပါ တိုက်တွန်းလာ၏ ။

"အမေပြန်ရင် ခင်မျိုး လိုက်ချင်ပါတယ်။ ခင်မျိုးမှ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိတော့ပါဘူး အမေရယ်"

"ခင်မျိုးကလေ သိပ်စိတ်လျှော့တာပဲ။ ခင်မျိုး အခုလို ကြုံတွေ ့နေရတာ ကိုလဲ အိမ်ကိုတော့ အကြောင်းကြားဖို့ကောင်းတယ်။ မိဘဆိုတာမျိုးဟာ သားသမီးဒုက္ခရောက်တာကို ကြည့်ရက်ကြတာ မဟုတ်ဘူး။ တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးရှိတာ"

ခင်မျိုးမြတ်က ဒေါ်ငွေမယ်၏ မျက်နှာကို ကြည့်ကာ ခေါင်းခါနေ၏ ။

"ခင်မျိုးအဖေအကြောင်းကို ခင်မျိုးပဲ သိပါတယ်အဒေါ်။ တောင်းဆိုးရင် တောင်းကိုပစ်မယ်။ ပလုံးဆိုးရင် ပလုံးကိုပစ်မယ်။ သားသမီးဆိုးရင်လဲ သားသမီးကို ပစ်တတ်တဲ့အဖေပါပဲ။ ခင်မျိုးလဲ သူ့သွေးပါလို့ သူ့လိုပဲ။ ဘယ်တော့မှ ခွဲမလျှော့ချင်ဘူး။ ခင်မျိုး ုးထိုက်နဲ့ ခင်မျိုးကံပဲ ရှိပါစေတော့ အဒေါ်။ ခင်မျိုးဟာ အဖေ့ကိုနိစာများ သင့်နေလေသလား မသိဘူး"

"သမီးစိတ်ထဲမှာ အဲသလို အစွဲအလန်းတွေ မထားစမ်းပါနဲ့ကွယ်။ သူ့သွေး၊ သူ့သားပဲ။ စိတ်ဆိုး တာသာရှိမယ်။ ကျိန်မယ် တွယ်မယ်တော့ မဟုတ်ပါဘူး။ ကဲပါလေ ဒီအကြောင်းတွေ ကို မေ့ထား လိုက်ပါ။ အရေး ကြီးတာက သမီး စိတ်ချမ်းသာဖို့နဲ့ ကျန်းမာဖို့ပဲ။ မွေးရဖွားရမှာ က ရှိသေးတယ်"

"မအေးတင်တို့ ဒေါ်ဒေါ်တို့ အခုလို ခင်မျိုးကို ဝိုင်းဝန်းပြု စုစောင့်ရှောက်ကြတာကို ခင်မျိုး သိပ် ကျေးဇူးတင်ပါတယ်။ ဒီကျေးဇူးတွေ ကို ဘယ်လိုဆပ်ရမှန်းတောင် ခင်မျိုး မသိတော့ဘူး"

"ကျေးဇူးဆပ်စရာမလိုပါဘူး ညီမရယ်။ ရေစက်ရှိလို့ ဆုံခဲ့ကြရတာ ကိုပဲ အစ်မတို့ ဝမ်းသာ လှပါပြီ"

ဖြူစင်သန့်ရှင်းသော ပစ္စည်းမဲ့တို့၏ စေတနာနှင့် မေတ္တာကြောင့် ခင်မျိုးမြတ်၏ ရင်ဝယ် ကြည်နူး စိတ်တစ်သိမ့်သိမ့် ခံစားလာရ၏ ။

ဒေါ်ခေမာသီ သီတင်းသုံးရာ စစ်ကိုင်းချောင်တွင် လည်း ခင်မျိုးမြတ်သည် စိတ်အေးချမ်းသာစွာ နားနေခွင့်ရခဲ့၏ ။

"ဟောဒီ ဘုရားက ဆွမ်းဦးပုညရှင်ဘုရား။ အဲဟိုမှာ လှမ်းမြင်နေရတာ က ကောင်းမှု တော် ။ ကဲ.... ဒီနားက ရပ်ကြည့်စမ်း။ စေတီပုထိုးတွေ ၊ လှိုဏ်တွေ ၊ မြောင်တွေ နဲ့ ဘယ်လောက်များ ကြည်နူးစရာ ကောင်းလိုက်သလဲလို့။ ဟော... ဟိုဘက်မှာ ဆိုရင် ဥမင်ကိုးဆယ်၊ ဥမင်သုံးဆယ်ဘုရား၊ ပတ္တမြား စေတီတို့ ရှိသေးတယ်။ ဖြည်းဖြည်းမှ ငါ့သမီးကို အနှံ့လိုက်ပို့ပေးဦးမယ်"

ဒေါ်ခေမာသီ၏ ဇရပ်တွင် အတူနေသော သီလရှင်များ ကလည်း ခင်မျိုးမြတ်အား ခင်တွယ်လာ ကြ၏ ။ သူတို့နှင့် အတူ သူသည်လည်း နေ့ရှိသရွေ့ ပုတီးစိပ်၊ ဘုရားဝတ်ဖြည့်ရင်းနှင့် တရားဓမ္မတွင် မွေ့လျော်လာခဲ့ရပေသည်။ သို့နှင့် အချိန်တရွေ့ရွေ့ ကုန်ဆုံးရွေ့ပြောင်းလာကာ သားဖွားရန် ရက်သို့ ဆိုက်ရောက်လာပေ၏ ။

ခင်မျိုးမြတ်သည် သုံးရက်မျှ ဝမ်းနာခြင်း ဝေဒနာကို အလူးအလဲခံစားနေရ၏ ။

အားအင်ကုန်ခမ်း ၍ အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်နေရသော ခင်မျိုးမြတ်ကို ကြည့်ရသည်မှာ အားရှိစရာမရှိလှ။

ဒေါ်ခေမာသီမှာ ဆေးရုံမှ တစ်ဖဝါးမှ မခွာနိုင်အောင်ပင် ခင်မျိုးမြတ်အတွက် စိတ်ပူပင်နေရှာ၏ ။

လေးရက်မြောက်သော နေ့ နံနက်ငါးနာရီတွင် ဆရာဝန်ကြီးတစ်ဦးက ဒေါ်ခေမာသီကိုခေါ်ယူ တွေ့ ဆုံ၏ ။

"မိန်းကလေးက သိပ်အားလျော့နေတယ်။ မွေးအားတောင် မရှိတော့ဘူး။ ကျွန်တော် တို့လဲ အစွမ်းကုန်တော့ ကလေးရော မိခင်အတွက် အသက်ကို လုကြရမှာ ပဲ။ အခု .... မိခင်အတွက်က ပိုစိုးရိမ်နေရတယ်။ အဖျားကလဲရှိနေတယ်"

"ကလေးရောမိခင်ပါ ပိုးစိုးပက်စက်မ ဖြစ်အောင် ကြိုး စားပေးကြပါ လူကလေးတို့ရယ်။ အမေ့သမီးကလေးက ဒုက္ခသည်ကလေးပါ။ ဒီကလေး.... ကိုယ်ဝန်ခုနစ်လလောက်ကတည်းက သူ့ယောက်ျား သစ်တုံးပိလို့ ဆုံးသွားရှာတယ်"

"အို.... ကျွတ်.... ကျွတ်.... ကျွတ်.... ဖြစ်မှ ဖြစ်ရလေ။ အင်း.... ဒါကြောင့် ဒီမိန်းကလေးကို ကျွန်တော် ဆေးရုံစတက်ကတည်းက ညှိုးနွမ်း ငေးမှိုင်နေတာပဲ တွေ့ ရတာကိုး"

ဆရာဝန်ကြီး၏ မျက်စိထဲတွင် တွေ ဝေငေးမှိုင်၍ ညှိုးငယ်နေသော ခင်မျိုးမြတ်၏ မျက်နှာ ကလေးကို မြင်ယောင်လာ၏ ။ ဆရာဝန်ကြီး၏ စိတ်ထဲတွင် ခင်မျိုးမြတ်အား ကြင်နာသနားသော စိတ် များ တဖွားဖွားများ ပေါ်လာတော့၏ ။

"အခြေအနေ ဘယ်လိုလဲဆရာမ "

"မွေးတော့မယ်ဒေါက်တာ။ ဝမ်းဆက်နာနေပြီ"

အခန်းထဲသို့ ဝင်လာသော သူနာပြုဆရာမ ကလေး၏ အဖြေကြောင့် ဆရာဝန်ကြီးသည် ဒေါ်ခေမာသီအား ထားခဲ့ကာ မွေးခန်းထဲသို့ ဝင်သွားသည်။

မွေးစင်ပေါ်တွင် ရှိနေသော ခင်မျိုးမြတ်၏ မျက်နှာကလေးပေါ်တွင် ချွေးသီးချွေးပေါက်ကြီးများ စို့ထွက်နေ၏ ။ သူ၏ ရင်မှာ ပြင်းပြစွာ အသက်ရှူရှိုက်နေရ၍ လှိုင်းထနေ၏ ။ မျက်စိကို စုံမှိတ်ကာ တအင်းအင်း ညည်းညူနေသော သူ့ကို သူနာပြုဆရာမ ကလေးများ နှင့် ဆရာဝန်ကြီးက ဝိုင်းဝန်း အားပေးစကားပြောနေ၏ ။

မွေးခန်းအပြင်ဘက်တွင် လည်း သီလရှင် ဒေါ်ခေမာသီသည် ခင်မျိုးမြတ်အတွက် သော ကဝေ လျက် မေတ္တာပို့ ဘုရားစာရွတ်လျက်ရှိနေပေ၏ ။

ခင်မျိုးမြတ်သည် နှုတ်ခမ်းသားကို ပြတ်လုမတတ် ကိုက်ကာ စိတ်ကိုတင်းထားနေ၏ ။ နာရီဝက် ခန့်ကြာလျှင် ခက်ခဲပင်ပန်းကြီးစွာ ဖြင့် သမီးကလေးကို ဖွားမြင်လိုက်သည်။ ကလေးအပြင်ရောက်သည် နှင့် တင်းထားသော စိတ်များ လျော့ပြေသွားကာ သူ၏ အသိဉာဏ်သည် မှော င်အတိ ကျသွားတော့၏ ။

သတိလစ်သွားသော ခင်မျိုးမြတ်အား ပြုစုနေသည့် ဆရာဝန်ကြီး၏ မျက်နှာပေါ်တွင် သူ့အတွက် ပူပင်စိတ်ဖြင့် ချွေးသီးများ ပင် စို့ထွက်လာနေ၏ ။

ဝါးကနဲ… ကလေးငိုသံကို ကြားလိုက်ရလျှင် သားဖွားခန်းအပြင်ဘက်တွင် စောင့်နေသော ဒေါ်ခေမာသီသည် ဝမ်းသာလုံး ဆို့သွား၏ ။

“ဟော.... မွေးပြီ။ ဘာလေးလဲ မသိဘူး”

ဒေါ်ခေမာသီသည် လက်ထဲက စိပ်ပုတီးကို အသာချထားကာ သားဖွားခန်းတံခါးအနီးတွင် သွားရပ်နေ၏ ။

တံခါးဖွင့်၍ ဆရာမ ကလေး တစ်ယောက် ထွက်လာသည်ကို တွေ့ရလျှင် ဒေါ်ခေမာသီသည် ဆရာမ လေး၏ အနီးသို့ ချဉ်းကပ်သွား၏ ။

“ဘာလေးလဲ ဆရာမ ”

“မိန်းကလေးအဘွား”

“ခင်မျိုးကော ကျန်းကျန်းမာမာရှိရဲ့ လား”

"ဟုတ်ကဲ့ အခု အိပ်ပျော်နေပါတယ်။ သိပ်အားလျော့နေလို့ ဂလူးကို့(စ်)နဲ့ သွေးသွင်းထားရ တယ်"

"ဘုရား.... ဘုရား.... ကျန်းမာပါစေ၊ ချမ်းသာပါစေ"

သီလရှင်ကြီး ဒေါ်ခေမာသီမှာ မေတ္တာပို့၍ သာ နေ၏ ။ ထို့ထက်ပိုလွန်၍ သူတတ်နိုင်သည်က လည်း ရှိတော့သည်မှမဟုတ်။

ခင်မျိုးမြတ်သည် မီးဖွားပြီးကတည်းက သတိရတစ်ချက် မရတစ်ချက်နှင့် ငါးရက်တိုင်တိုင် ဝေဒနာကို အလူးအလဲခံစားလာရ၏ ။ ထိုငါးရက်မြောက်သော နံနက်မှာ ပင် ဂယောင်ဂတမ်းစကားတွေ ပြောကာ အားမရစရာကြီး ဖြစ်လာ၏ ။

"ခင်မျိုး.... ခင်မျိုး။ အမေခေါ်နေတာ ကြားသလားဟင်"

ခင်မျိုးမြတ်က မျက်စိကို စုံမှိတ်ထားလျက် သွယ်လျသော မျက်နှာကလေးသည်လည်း သွေးဆုတ်ဖြူလျော်၍ စက္ကူဖြူအလား ထင်မှတ်ရ၏ ။

"ခင်မျိုးကို ကိုမောင် လာခေါ်နေပြီ။ ခင်မျိုးသွားရတော့မယ်။ ခင်မျိုး ကိုမောင့်နောက်ကို လိုက်မှာ ပါ။ ဟင်.... မောတယ်၊ ခင်မျိုး သိပ်မောတယ်"

"ခင်မျိုး သတိထားပါသမီးရယ်။ စကားသိပ်မပြောပါနဲ့"

အရိုးပေါ်အရေတင် ဖြစ်နေသော ခင်မျိုးမြတ်၏ လက်ကောက်ဝတ်ကလေးကို ဒေါ်ခေမာသီ သည် ဖွဖွကိုင်ကာ အားပေးနေ၏ ။ နှစ် သိမ့် ဖျောင်းဖျနေ၏ ။

ခင်မျိုးတွင် ခွန်အားမရှိတော့။ ဒေါ်ခေမာသီ၏ တရားချသံ၊ ဖျောင်းဖျသံများ သည် သူ့နားနှင့် ခပ်ဝေးဝေးနေရာမှ ပြောနေသလို သဲ့သဲ့သာ မကြားတစ်ချက်၊ ကြားတစ်ချက် ဖြစ်နေပေ၏ ။

"ခင်မျိုးလာပြီ ကိုမောင်။ ကိုမောင့်ဆီကို ခင်မျိုးလာပါပြီ။ ခင်မျိုးလက်ကို တွဲခေါ်စမ်းပါ ကိုမောင် ရယ်။ ခင်မျိုး မော.... မောလွန်းလို့"

ခင်မျိုးမြတ်သည် သူ့အနီးတွင် တစ်စုံ တစ်ယောက် ရှိနေဘိသကဲ့သို့

လက်ကလေးကို အားယူ ကမ်းပေးရင်းက အမောဖောက်၍ လာ၏ ။ စကားသံများ က မပီမသတော့။ သဲ့သဲ့ဖျော့ဖျော့ရှိရင်းက နှုတ်ခမ်းလွှာကလေးများ သာ တရွရွ ဖြစ်နေသည်ကို တွေ့ လာရတော့၏ ။

ဆရာဝန်ကြီးသည် ခေါင်းကို လေးလေးခါကာ ခင်မျိုးမြတ်၏ ခုတင်နံဘေးမှ လေးကန်သော ခြေလှမ်းများ ဖြင့် ထွက်ခွာသွားတော့သည်။ ဆရာဝန်ကြီး အခန်းဝသို့ ရောက်လျှင် လှိုင်းထလှုပ်ရှားနေ သော ခင်မျိုးမြတ်၏ ရင်အုံသည် ငြိမ်သက်၍ သွားကာ သူ၏ ဦးခေါင်းကလေးသည် မသိမသာကလေး တိမ်းစောင်းသွား၏ ။

သေမင်း အနိုင်ရပြန်လေပြီကော....

ဒေါ်ခေမာသီလည်း ခင်မျိုးမြတ်၏ သမီးငယ် စောမြတ်နွယ်ကလေးကို ရင်ခွင်တွင် ပိုက်၍ ပွေ့ချီထားရင်း ခင်မျိုးမြတ်၏ အလောင်းကို ကြေကွဲဆို့နင့်စွာ ကြည့်နေမိ၏ ။

ဆေးရုံအုပ် ဆရာဝန်ကြီးက ဒေါ်ခေမာသီအားခေါ်ယူတွေ့ ဆုံလိုက်၏ ။

“ဒီကလေးအတွက်ကို ဆရာလေး ဘယ်လို စီစဉ်မလဲ။ ကျွန်တော် လဲ တတ်နိုင်တဲ့ဘက်က အကူအညီပေးချင်လို့ မေးရတာ ပါ”

“သူ့ကလေးကို ဆရာလေးပဲ မွေးထားမယ်။ သူ့ကိုကြည့်ရှုဖို့ ဆရာလေးရဲ့ ညီမရှိပါတယ်”

“အင်းလေ.... ဆရာလေး ခေါ်မထားချင်ရင် ကျွန်တော် မွေးစားမယ်လို့ စိတ်ကူးတယ်။ အခု ကလေးကို ဆရာလေးက မွေးစားမယ်ဆိုရင်တော့ သူ့အတွက် လိုအပ်သမျှတွေ ကို ကျွန်တော် ထောက်ပံ့ သွားပါရစေ”

“ကျေးဇူးပါပဲ လူလေးရယ်”

သို့ နှင့် မိဘမဲ့ကလေး စောမြတ်နွယ်သည် သီလရှင် ဒေါ်ခေမာသီ၊ ဒေါ်ငွေမယ်နှင့် ဆေးရုံအုပ် ကြီး ဒေါက်တာထွန်းလင်းတို့၏ အကူအညီ အထောက်အပံ့ အပြု

အစုလောင်းရိပ်အောက်တွင် ကြီးပြင်း အရွယ်ရောက်ခဲ့ရလေသည်။

ယခုတော့ ပြည်သူ့ဆေးရုံတွင် စောမြတ်နွယ်သည် စေတနာရှင် သူနာပြုဆရာမကလေး တစ်ယောက် ။

ငယ်ရွယ်သည်။ ပျို့မျစ်လှပသည်၊ တည်ငြိမ်အေးဆေးသည်၊ စိတ်ထားဖြူစင်၍ သိမ်မွေ့နူးညံ့ သည်။ အိန္ဒြေသိက္ခာရှိသည် စသော အရည်အချင်းအကြောင်းအချက်များကြောင့် သူနာပြုဆရာမ ကလေး စောမြတ်နွယ်သည် လုပ်ဖော်ကိုင်ဖက်များ၊ အပေါင်းအသင်းမိတ်ဆွေများ နှင့် လူနာများ ၏ ချစ်ခင်လေးစားခြင်းကို အပြည့်အဝရရှိနေပေ၏ ။

အမိနှင့် အဖကို ဖြူသည်၊ မည် းသည်မှ မသိလိုက်ရအောင် ကံမွဲလွန်းရှာသော စောမြတ်နွယ် သည် ဘွားဘွား ဒေါ်ခေမာသီနှင့် ကြီးကြီးငွေမယ်ကိုသာ အမိနှင့် အဖလို အမှတ်ထား၍ ချစ်ခင် လေးစားနေရရှာပေ၏ ။

•••

# အခန်း(၄)

အခန်း(၄)

က။

စောမြတ်နွယ်သည် သူချစ်သော အားကိုးအားထားနေရသော ဘွားဘွား ခေမာသီ တစ်ယောက် သေမင်း၏ စက်ကွင်းတွင် ယဲ့ယဲ့သာကျန်တော့သည့်အ ဖြစ်ကို မြင်နေရ၍ ရင်ထဲတွင် မချိအောင် ခံစားနေရသည်။

“ဒါဖြင့် ရင် စောရဲ့ အဘိုးအဘွားတွေ မကွေးမှာ ရှိကောင်း ရှိနေဦးမှာ ပေါ့နော်”

“အသက်ရှင်ရက် ရှိချင်လဲရှိနေကြဦးမှာ ပဲ။ ဆားစေ့ရပ်မှာ ဆိုရင် သူတို့ကို မသိသူမရှိသလောက် ပဲလို့ ခင်မျိုး တစ်ခါက ပြောပြဖူးတယ်”

ဒေါ်ခေမာသီသည် စကားပြောရင်းက မောလာဟန်တူ၏ ။ မျက်စိကို မှိတ်ကာ ပြင်းပြစွာ အသက်ရှူရှိုက်နေပြန်၏ ။

ဒေါ်ခေမာသီက ခေါင်းညိတ်ပြလိုက်သည်။ ဆယ်မိနစ်ခန့်ကြာလျှင် လည်ချောင်းတွေ နာ၊ အာခေါင်တွေ ခြောက်၍ မျက်လုံးများ ပြာဝေသည်ထက် ပြာဝေ၍ လာ၏ ။

“ရေ.... ရေ..... ပေးပါ”

မောဟိုက်သံများ ဖြင့် ရေတောင်းလာ၏ ။ စောမြတ်နွယ်သည် ထွေးထွေး၏ အကူအညီဖြင့် ဒေါ်ခေမာသီအား ပွေ့ထူကာ ရေတိုက်နေသည်။

ဒေါ်ခေမာသီသည် စောမြတ်နွယ်တိုက်ကျွေးသော ရေကို သောက်ရင်းက လွန်ဆွဲပွဲတွင် အနိုင် ရသွားသော သေမင်း၏ နောက်သို့ လိုက်ပါသွားခဲ့ရှာလေသည်။

အသက်မရှိတော့ပြီ ဖြစ်သော ဒေါ်ခေမာသီ၏ ရုပ်အလောင်းကို

စောမြတ်နွယ်သည် ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ဖက်ကာ ငိုလည်းမငို၊ ရယ်လည်း မရယ်နှင့် မှင်သက်မိနေသည့်ကဲ့သို့ ငူငူကြီး ရှိနေ၏ ။

"စော.... စောရယ်"

သူနာပြုဆရာမ ကလေး ထွေးထွေးက စောမြတ်နွယ်၏ ပခုံးကလေးကို ကြင်နာစွာ ဆုပ်ကိုင်၍ ခေါ်လိုက်သည်။

"ဘွားဘွားသေပြီ။ ထွေး.... ဘွားဘွားစောကို ထားပစ်ခဲ့ပြီး ကိုယ့်ဘဝကိုယ် မင်းစဉ်းစားကြည့် စမ်း။ မမွေးခင်ကတည်းက စောဟာ ကံဆိုးလာတဲ့လူ တစ်ယောက် ။ စောကို မေမေကိုယ်ဝန်နဲ့မှာ စောအဖေ အသေဆိုးနဲ့ သေခဲ့ရတယ်။ မွေးဖွားပြီးပြန်တော့လဲ ဖေဖေ့နောက်ကို မေမေက လိုက်သွား ပြန်တယ်။ ခုလဲကြည့်လေ.... စောမှီခိုအားထားရတဲ့ တန်ဆောင်းကြီးလဲ ပြိုလဲရပြန်ပြီ။ မွေးဖွားလာ ကတည်းက ဒီနေ့တိုင်အောင် စောလျှောက်ခဲ့ရတဲ့ခရီးက မသိမ်မွေ့ခဲ့ဘူး။ မပြေပြစ် မချောမောခဲ့ဘူး။ တစ်နှစ် မဟုတ်ဘူး။ နှစ် နှစ် မဟုတ်ဘူး။ ခု စော အသက် ဆယ့်ရှစ်နှစ် တောင်ရှိလာပြီ။ ကံဆိုးမနောက် ကို မိုး ကတော့ လိုက်ရွာတုန်းပဲထွေး။ စောဘဝက နာကျည်းစရာမကောင်းဘူးလားဟင်"

"အို..... စောရယ်"

ဆရာမ လေး ထွေးထွေးက မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် သာ စောမြတ်နွယ်ကို ကြည့် နေ၏ ။

"ဟုတ်ပါတယ်။ ထွေး... စောကို ဘာပြန်ဖြေတတ်မှာ လဲ"

စောမြတ်နွယ်သည် ထွေးထွေးကို ပြောရင်း ဒေါ်ခေမာသီ၏ အလောင်းကို စူးစိုက်ကြည့်နေ ပြန်၏ ။ ဒေါ်ခေမာသီသည် သူ၏ ရင်ခွင်ထဲတွင် အိပ်မောကျနေသူတစ်ဦးနှင့် တူနေပေ၏ ။ သူက ဒေါ်ခေမာသီ၏ နဖူးပြင်ကို အသာနမ်းရှုံ့လိုက်သည်။

"ဟေစာ..."

"ဘာလဲထွေး"

"ထွေးတို့ လုပ်စရာရှိတာ လုပ်ကြရအောင်လားကွယ်"

စောမြတ်နွယ်သည် လက်ထဲတွင် ပွေ့ဖက်ထားသော ဒေါ်ခေမာသီ၏ အလောင်းကို ခုတင်ပေါ် သို့ ညင်သာစွာ ပြန်ချလိုက်သည်။ ဒေါ်ခေမာသီ၏ လက်နှစ် ဖက်ကို ရင်ဘတ်ပေါ်တွင် ယှက်တင်ပေးပြီး နောက် ဖြူဖွေးသော အဝတ်ဖြင့် တစ်ကိုယ်လုံးကို ဖုံးအုပ်ပေးလိုက် လေသည်။

သူနာပြုဆရာမ ကလေး ထွေးထွေးက စောမြတ်နွယ်ကို အနားယူခန်းသို့ ခေါ်ဆောင်သွား၏ ။

ဒေါက်တာဦးထွန်းလင်းသည် ဆောက်တည်ရာမရ ဖြစ်နေသော စောမြတ်နွယ်၌ စိတ်ကိုခန့်မှန်း မိ၍ သူ့အား နွားနို့တစ်ခွက်နှင့် ဆေးပြားကို အတင်းတိုက်ကျွေးနေ၏ ။

"စော မသောက်ချင်ပါဘူး ဒေါက်တာရယ်"

"စောမြတ်နွယ် ဒေါက်တာ့စကားကို နားမထောင်တော့ဘူးလား။ မင်းအိပ်ရေး ပျက်နေတာ ဘယ်နှစ် ညရှိပြီလဲ။ သေတဲ့လူက သေသွားပြီ။ ရှင်အောင်လဲ မင်း ဘာမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ဒီတော့ စိတ်ကို တရားနဲ့ဖြေပါ။ ကိုယ့်ကိုယ်ကို ကျန်းမာအောင်နေပါ။ ဒါပဲ ဒေါက်တာပြောချင်တယ်။ ရော့.... ဒီဆေးကိုသောက်လိုက်"

သူနာပြုဆရာမ ကလေး ထွေးထွေးက စောမြတ်နွယ လက်ထဲသို့ နို့ခွက်ကို ပေးလိုက် သည်။

စောမြတ်နွယ်သည် ဒေါက်တာထွန်းလင်းလှမ်းပေးနေသော ဆေးကိုယူကာ သူတို့စိတ်ကျေနပ် ရန်အတွက် သောက်လိုက်၏ ။

ဆယ့်ငါးမိနစ်ခန့်ကြာလျှင် စောမြတ်နွယ်သည် အပြစ်ကင်းစင်သော ကလေး တစ်ယောက် ကဲ့သို့ အိပ်ပျော်သွားခဲ့ရာလေသည်။

•••

သူနာပြုဆရာမ ကလေး ထွေးထွေးသည် စောမြတ်နွယ်အတွက် အားကိုးအားထားရသော တိုင်ပင်ဖော် တိုင်ပင်ဖက်အဖော်ကောင်း တစ်ယောက် ဖြစ်၏ ။ သူက ငေးမှိုင်တွေ ဝေနေသော စောမြတ် နွယ်၏ မျက်နှာကလေးကို ကရုဏာစိတ်ဖြင့် စိမ့်စိမ့်ကြည့်နေ၏ ။

"ထွေး စောမျက်နှာကို ဘာလို့ ဒီလောက်တောင် ကြည့်နေတာလဲ"

ထွေးထွေးက ပြုံး လိုက်သည်။

"စော စိတ်မချမ်းမသာ ဖြစ်နေတာတွေ ကို ထွေး ဘယ်လိုများ ပြေပျောက်အောင် လုပ်ပေးနိုင်ပါ့ မလဲလို့တွေ းရင်း စောမျက်နှာကလေးကိုကြည့်နေမိတာပဲ"

စောမြတ်နွယ်က ထွေးထွေးအား သဲ့သဲ့ပြုံး ၍ ကြည့်နေ၏ ။

"စော အခု ဘာလုပ်ချင်သလဲ သိလားထွေး"

"ဟင့်.... အင်း...."

ထွေးထွေးက ခေါင်းခါပြလိုက်သည်။

"ဘွားဘွားခေမာသီပြောပြသွားတဲ့ မကွေးက စော မေမေနေသွားတဲ့အိမ်ကြီးကို သိပ်ပြီး သွားကြည့်ချင်တာပဲ"

"ထွေး လိုက်ပို့ပေးမယ်လေ။ သွားမလား"

"မေမေ နေထိုင်ခဲ့တဲ့အိမ်ကြီးကို စော အပြင်က ကြည့်ရုံတင်ပဲ ကြည့်ချင်တာပါ။ စော မေမေ့ကို ရက်စက်ခဲ့တဲ့ ဩဇာရှင်အဘိုးကိုတော့ စော မတွေ့လိုပါဘူး။ ထွေးမှာ လဲ တာဝန်နဲ့ ဝတ္တရားက ရှိနေ တယ်။ စော တစ်ယောက် ထဲပဲ သွားကြည့်ပြီး ပြန်လာမယ်လေ။ စော အမေနဲ့ အဖေရဲ့ ရာဇဝင်ကို ထွေးနဲ့ ဘွားဘွားခေမာသီတို့ညီအစ်မကလွဲလို့ ဘယ်သူမှ သိခဲ့ကြတာ မဟုတ်ဘူး။ မေမေက အဲဒီ အကြောင်းကို လျှို့ဝှက်ထားခဲ့တယ်မဟုတ်လား။

စောကလဲ ဆက်လက်ပြီး မေမေ မသိစေချင်တဲ့ကိစ္စ ကို လျှို့ဝှက်ထားမှာ ပဲ။ ထွေး ဘယ်လိုသဘောရသလဲ”

“အေးလေ.... စော သွားချင်ရင် ခွင့်တစ်ပတ်လောက်ယူပြီး မကွေးကို သွားပေါ့။ စော မသိ စေချင်တဲ့အကြောင်းကို ထွေး ဘယ်သူ့ကိုမှ မပြောပါဘူး။ ဒါပေမယ့် စော တစ်ယောက် ထဲ ခရီးထွက်မှာ ကိုတော့ ထွေး စိတ်မချဘူးကွယ်”

“စောအတွက် ထွေးက ပူပင်တယ်လား”

“မေးမှ မေးရက်တယ် စောရယ်”

“စော စတာပါထွေးရယ်။ စောအတွက် မပူနဲ့နော်။ စောဟာ ဒုက္ခအမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရ တဲ့လူပါ။ ရှေ့လျှောက် ဒုက္ခတွေ နဲ့ကြုံကြိုက်ရဦးမယ်ဆိုရင် အတိတ်ကလောက် ဆိုးမယ်တော့ စော မထင်ဘူး။ စော ခွင့်ယူပြီး ဘွားလေး ဒေါ်ငွေမယ်ဆီကို သွားမယ်လို့ ဒေါက်တာဦးထွန်းလင်းကို ပြောသွားမယ်။ မကွေးကို သွားမယ့်အကြောင်း မပြောဘူး”

“ကောင်းပြီလေ။ စော ဘယ်နေ့ခွင့်တင်မှာ လဲ”

“မနက်ဖြန်”

“ခရီးစရိတ်ကော ရှိရဲ့ လား”

“စောမှာ စုဆောင်းထားတာ ငွေတစ်ရာကျော်လောက်တော့ ကျန်ပါသေးတယ်”

“ထွေးဆီကကော ယူသွားဦးမလား”

“ဟင့်အင်း.... ဒီငွေနဲ့ပဲ လောက်ပါတယ်။ စော သင်္ဘောနဲ့သွားမှာ ပါ”

မကွေးမြို့ သို့ ခရီးစဉ်သည် စောမြတ်နွယ်အဖို့ ပိန်းပိတ်အောင်မှော င်နေသော အမှော င်တိုက် အတွင် းမှ အလင်းသို့ ရောက်လာသူတစ်ဦးကဲ့သို့ ဖြစ်နေ၏ ။ မြင်သမျှ ခရီးသွားအတွေ ့အကြုံတို့သည် သူ့အတွက် ငေးမောဖွယ်၊ အံ့သြဖွယ် အထူးအဆန်းတွေ ချည်းသာ ဖြစ်နေ၏ ။

အညာဆန်သင်္ဘောကြီးကိုလည်း တစ်သက်တာတွင် သည်တစ်ခါသာ သူစီးဖူးပါ၏ ။ ရောခရီး တစ်လျှောက် ညောင်ဦး၊ ပုဂံ၊ ချောက် စသော တစ်မြို့ တစ်နေရာ ဆိုက်ကပ်လေတိုင်း ရောင်းသူက ရောင်း၊ ဝယ်သူက ဝယ်၊ ဆင်းသူက ဆင်း၊ တက်သူက တက်နှင့် ပျားပန်းခတ်မျှ စည်ကားနေသော လူများ ကို သူသည် တအံ့တဩ ကြည့်မိခဲ့၏ ။ မြစ်ကမ်းတစ်လျှောက် တည်ထားသော စေတီပုထိုး၊ ဘုရားများ နှင့် ရှုခင်းသာများ ကလည်း ကြည်ညိုဖွယ်ရာ ရှိလှ၏ ။

သုံးရက်တာခရီးသည် သူ့အဖို့ ကုန်မှန်းမသိ ကုန်ကာ ရောက်မှန်းမသိ ရောက်လာခဲ့ရ၏ ။ သူရောက်လိုလှသော မကွေးမြို့ ကို ခြေချရလေပြီ။ ယောင်လည်လည်နှင့် သင်္ဘောပေါ်မှဆင်းခဲ့ပြီး နောက် မြင်းလှည်းများ ရှိရာသို့ ရောက်ရှိလာ၏ ။

"မိန်းကလေး၊ မြင်းလှည်းငှားမလို့လား"

"ဟုတ်ကဲ့။ ကျွန်မ ဆားစေ့ရပ်ကွက်ကို သွားချင်လို့ပါ"

"တက်လေ။ ဘကြီးမြင်းလှည်းကိုပဲ ငှားပါ"

စောမြတ်နွယ်သည် တုံ့ဆိုင်းခြင်းမရှိဘဲ မြင်းလှည်းပေါ်သို့ သားရေသေတ္တာကလေးကို အရင်တင်ပြီး တက်ထိုင်လိုက်သည်။

"ဆားစေ့ရပ်က ဘယ်သူ့အိမ်ကိုသွားမှာ လဲ"

"ဦးဘောဂ၊ ဒေါ်သူဇာတို့ရဲ့ အိမ်ကိုပါ"

"သြော်.... သြော်.... သိတယ်၊ သိတယ်။ မိန်းကလေးက မြတ်ရိပ်မွန်ကို သွားမှာ ကိုး"

"သြော်... မေမေနေခဲ့တဲ့အိမ်ကြီးကို မြတ်ရိပ်မွန်လို့ ခေါ်ပါသလား။ မြတ်ဆိုတဲ့ စာလုံးတစ်လုံး ပါနေတော့ မေမေ့ကို အစွဲပြုပြီး အိမ်ကြီးကို နာမည် တပ်ထားလေသလားမသိဘူး"

"မြတ်ရိပ်မွန်ဟာ တစ်ချိန်တုန်း ကတော့ ဒီမြို့ ရဲ့ ကျက်သရေဆောင်ပေါ့ကွယ်။

ပန်းမာလာတွေ စုံစုံလင်လင်နဲ့ ရဲတိုက်ကြီးတစ်ခုလို လှပတင့်တယ်ခဲ့တယ်။ ခုတော့ နှစ်ပေါင်းများ စွာ မပြုမပြင်ဘဲ ပစ်ထားခဲ့ကြလို့ ချုံပင်၊ ပေါင်းပင်တွေ နဲ့ အိမ်ကြီး အချို့နေရာတွေဟာ ပျက်စီး ချို့ယွင်းကုန်ပြီ”

ကြိမ်ကလေးနှင့် မြင်းကို တို့ကာ တို့ကာ လမ်းကြောင်းပေးရင်း မြင်းလှည်းသမားကြီးက စောမြတ်နွယ်ကို မမေးရဘဲနှင့် မြတ်ရိပ်မွန်အကြောင်းကို ပြောပြလာ၏ ။

စောမြတ်နွယ်က ဆိတ်ဆိတ်ပင် လိုက်ပါလာလေသည်။

မကွေးမြို့ ၏ တောင်ဘက်ယွန်းယွန်း ဆားစေ့ရပ်အတွင် း ချောင်းတစ်ဘက်၌ တည်ရှိနေသည်။ ခြံဝင်းကျယ်ကြီးတစ်ခု၏ မနီးမဝေးနေရာသို့ စောမြတ်နွယ်ငှားလာသော မြင်းလှည်းက ရောက်ရှိ လာ၏ ။

“အဲဟိုက လှမ်းမြင်နေရတာ မြတ်ရိပ်မွန် ခြံဝင်းကြီးပေါ့”

ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရပြီမို့ စောမြတ်နွယ်၏ ရင်တွင် တသိမ့်သိမ့်ခံစားလာရ၏ ။ ကျေနပ်အားရခြင်း၏ အရှိန်က မျက်လုံးအစုံကို တလဲ့လဲ့ ရွှန်းပလာစေ၏ ။

“ဒီတင်ပဲရပ်ပေးပါ ဦးကြီး”

မြင်းလှည်းဆရာကြီးက မြင်းဇက်ကြိုး ကို သပ်လိုက်သည်။

စောမြတ်နွယ်သည် ခရီးစရိတ်ကျသင့်ငွေကို ရှင်းပေးပြီး မြတ်ရိပ်မွန်ခြံဝင်းကြီးအနီးသို့ ချဉ်းကပ် လာသည်။

အုတ်တံတိုင်းခြံစည်းရိုးကြီးသည် ရေညှိပင်တွေ နှင့် မည် းညစ်၍ နေ၏ ။ ထုထဲခိုင်မာသော ဝင်း၏ သံတံခါးကြီးသည်လည်း သံချေးရောင် ထနေ၏ ။

လက်ထဲမှ သေတ္တာကလေးကို တံခါးရှေ့တွင် ချကာ ခြံဝင်းကြီးအတွင် းသို့ စောမြတ်နွယ်က စူးစမ်းကြည့်ရှုလိုက်သည်။

နှစ် ပေါင်းများ စွာ ရှင်းလင်းသုတ်သင်ခြင်းမရှိခဲ့ဟန်တူ၏ ။ ချုံ နွယ်ပိတ်ပေါင်းပင်တွေ က တစ်ခြံ လုံးတွင် ပြည့်နှက်ရှုပ်ပွေနေသည်။ အိမ်ဆီသို့ ဦးတည်ခင်းထားဟန်တူသည့် ကျောက်ခင်းလမ်းကလေး တစ်ခုကိုလည်း တွေ့ရပေသည်။ သစ်ကြီးဝါးကြီးပင်တွေ ကြောင့် အဆောက်အဦတစ်ခုလုံး၏ ပုံသဏ္ဍာန်ကို မတွေ့ ။ ချွန်ထက်သော အမိုးအတောင်တို့ကိုသာ စောမြတ်နွယ် မြင်ရ၏ ။

"အင်း .... ဒီခြံဝင်းနဲ့ ဒီအိမ်ကြီးမှာ တစ်ချိန်က မေမေ တစ်ယောက် သိပ်ပျော်ခဲ့မှာပဲ။ အခု ဒီခြံကြီးကို ဘိုးဘိုးတို့ ဘာလို့ ပစ္စလက္ခတ်ထားခဲ့ကြတာပါလိမ့်။ မပြုမပြင်နိုင်အောင် ဆင်းရဲနွမ်းပါးသွား လို့ပဲလား"

"ဆရာမ လေး"

ဝင်းတံခါး၏ သံတိုင်ကိုကိုင်ကာ အတွေးနယ်ချဲ့နေမိသော စောမြတ်နွယ်သည် ရုတ်တရက် အနီးကပ်၍ ခေါ်လိုက်သံတစ်ခုကြောင့် တစ်ကိုယ်လုံး သိမ့်ကနဲတုန်ကာ စိတ်လှုပ်ရှားသွား၏ ။

တအိအိအော်ကာ အမြီးနံ့ ခုန်ပေါက်နေသော ခွေးကြီးတစ်ကောင်နှင့် ခြောက်ဆယ်ကျော် ခါးကိုင်းကိုင်းနှင့် အဘွားကြီး တစ်ယောက် ကို စောမြတ်နွယ်တွေ့လိုက်ရ၏ ။

အဘွားကြီးက ဝင်းတံခါးကြီးမှ တံခါးငယ်ကိုဖွင့်နေရင်း....

"ဆရာမ လေးကလဲ.... လာ မလာနိုင်ဘူး။ မသူဇာခမျာဖြင့် မျှော်နေရှာလိုက်ရတာ "

"အဘွားကြီး ဘာတွေ ပြောနေပါလိမ့်။ တန်တော့ ငါ့ကို လူမှား နေပြီထင်ပါရဲ့ "

စောမြတ်နွယ်၏ ရင်သည် တဒိတ်ဒိတ်ခုန်လာ၏ ။

"ဝင်လေ ဆရာမ ။ အမေအိမ်မှာ လုပ်စရာတွေ ကရှိသေးတယ်။ အချိန်သိပ်ဖြုံးနေလို့ မပြီး သေးဘူး"

အဘွားကြီး၏ စကားကြောင့် စောမြတ်နွယ်၏ ကိုယ်ကလေးမှာ ဆတ်ကနဲ တုန်သွားရပြန်၏ ။

"နေပါဦးအမေ။ ကျွန်မ ရှင်းပြပါရစေ"

"အို.... အမေအိကို ဆရာမ ကလေး ဘာမှ ရှင်းပြစရာမလိုပါဘူး။ အထဲကိုသာ ဝင်ခဲ့ပါ"

အဘွားကြီးက စောမြတ်နွယ်ကို ခြံထဲသို့ သာ တွင် တွင် ခေါ်နေ၏ ။ သူ့နံဘေးမှ ခွေးကြီးသည် ဝင်းတံခါးပွင့်သည်နှင့် စောမြတ်နွယ်၏ အနီးသို့ ရုတ်ခြည်းရောက်ရှိလာကာ စောမြတ်နွယ်၏ ခြေထောက်ကို နမ်းရှုပ်ပြီး ကိုယ်ပေါ်သို့ ခုန်တက်နေ၏ ။

"အို..... အို....."

နှုတ်ခမ်းများ ဖြူရော်လာသည်အထိ စောမြတ်နွယ်မှာ ခွေးကြီးကို ကြောက်ရွံ့နေရှာသည်။

အဘွားကြီး၏ မျက်နှာတွင် ခွေးကြီးနှင့် စောမြတ်နွယ်ကိုကြည့်ကာ အံ့သြလာသလိုရှိ၏ ။ သူ၏ မျက်လုံးများ ကို ပွတ်သပ်ကာ စောမြတ်နွယ်၏ မျက်နှာကလေးဆီသို့ သူ့မျက်နှာကို တိုးကပ်၍ ကြည့်နေပြန်သည်။

"အင်း.... အမေအိကို ခွင့်လွှတ်နော်။ အသက်ကကြီးတော့ မျက်လုံးတွေ က မွဲပြာကုန်ပြီ။ ထူးတော့ ထူးတယ်ကွဲ့။ ဆရာမ လေးနဲ့ ဒီခွေးကြီးက ရေစက်ရှိဟန်တူတယ်။ သူစိမ်းဆိုရင် အသားပါ အောင် ဒီကောင်ကြီးကကိုက်တတ်တာ။ ကဲပါလေ.... တစ်နေ့တစ်နေ့ ဆရာမ လေးကို မသူဇာအတွက် အမေအိ ထွက်ထွက်မျှော်နေရတာ အလုပ်တစ်ခုပါပဲ။ ဒီနေ့တော့ ဒီဝဋ်ကျွတ်ပြီ။ ဒေါက်တာနေလင်းလဲ ဆရာမ လေးရောက်လာလို့ သိပ်ဝမ်းသာရှာမှာ "

အဘွားကြီးက စောမြတ်နွယ်မသိသော အကြောင်းအရာတွေ ကို တစ်သီကြီးပြောနေ၏ ။

"အင်းပါ... ဘဝ ကတော့ သန်းခေါင်ထက် ညဉ့်နက်စရာမရှိတော့ပါဘူးလေ။ ဒီအဘွားကြီး လူမှာ းပြီး ခေါ်တယ်ပဲထားတော့။ ငါပြန်ဆောင်ပြီး သူ့နောက်ကို လိုက်သွားတော့မယ်။ ဒေါက်တာနေလင်းဆိုတာ ဘယ်သူလဲ။ ဆရာမ ဆိုတာကကော ဘွားဘွားသူဇာအတွက်လို့ ဆိုတယ်။ ဘွားဘွား ဘာ ဖြစ်နေလို့ပါလိမ့်။ ဒီခြံကြီးရဲ့ မြေကို နင်းမိမှတော့ ဘွားဘွားနဲ့ ဘိုးဘိုးတို့မျက်နှာကိုလဲ ငါမြင်ဖူးတယ်ရှိအောင် ကြည့်သွားတော့မယ်။ မီးစင်ကြည့်ကရတော့မှာ ပါပဲလေ"

စောမြတ်နွယ်သည် အဘွားကြီး ဦးဆောင်ခေါ်သွားသော လမ်းအတိုင်း အနောက်က လိုက်ပါ လာ၏ ။

ခြံထဲသို့ ရောက်မှ ရေမှော် ပင်တွေ နှင့် ပြည့်နှက်နေသော ကန်ကြီးတစ်ကန်ကို စောမြတ်နွယ် တွေ့ ရ၏ ။ ကျောက်ခင်းလမ်းကလေးအတိုင်း အတန်ငယ်ကြာအောင်လျှောက်လာမိမှ သူသည် ဟောင်းနွမ်းနေသော ရဲတိုက်ဆန်ဆန် အိမ်ကြီးတစ်လုံးကို တွေ့ ရလေတော့သည်။ နှစ် ပေါင်းများ စွာ မပြုမပြင်ခဲ့သော ကြောင့် တိုက်ကြီးတစ်လုံးသည် တိုက်ကပ်ပင်များ ရေညှိများ နှင့် ပြည့်နှက်နေ၏ ။ ပျက်စီးယိုယွင်းနေသော အဆောင်အမိုးနှင့် ပြတင်းပေါက်မှန်များ ကလည်း အချို့နေရာတွင် ကွဲအက်နေ၏ ။ မြတ်ရိပ်မွန်ဟူသော သစ်သားကို ထွင်းထုထားသည့် ဆိုင်းဘုတ်ကလေးသည် မနည်းကြီး ကြည့်ယူမှ စာသားကို တွေ့ မြင်ရ၏ ။

"တစ်ချိန်တုန်းက ဒီအိမ်ကြီး သိပ်လှတယ်လို့ လူတွေ က ပြောကြတယ်"

"သိပ်လှတာပေါ့ကွယ်။ မြို့ ရဲ့ ကျက်သရေဆောင်ဆိုလဲ မမှာ းပါဘူး။ ဒီအိမ်ကြီးရဲ့ အလှအပ တွေ မျိုးမျိုးနဲ့အတူ ပျောက်ဆုံးသွားခဲ့တာပဲ"

အဘွားကြီး၏ ပြောဆိုသံက ဆွေးမြည့် နာကျည်းသံပါနေ၏ ။

"အဘွားကြီးပြောနေတဲ့ မျိုးမျိုးဆိုတာ မေမေပဲ ဟုတ်မှာ ပဲ"

"အို.... ငါကလဲ ဆရာမ လေးကို မျိုးမျိုးအကြောင်းတွေ ပြောနေမိတယ်။ ဆရာမ လေးက မျိုးမျိုးကို သိတာမှ မဟုတ်ဘဲ။ အသက်အရွယ်က ကြီးလာတော့ စိတ်တွေ က

မမှန်ချင်တော့ဘူးကွယ်”

စောမြတ်နွယ်သည် မိခင်နှင့် ပတ်သက်သော အကြောင်းအရာများ ကို ဆက်လက်ကြားလိုလှ သော် လည်း အဘွားကြီးကို တိုက်တွန်းရန် ခက်နေ၍ ဆိတ်ဆိတ်ပင်နေလိုက်ရ၏ ။

မြတ်ရိပ်မွန်အိမ်ကြီးထဲသို့ ခြေချမိသည်နှင့် မလုံမလဲ စိတ်ကပြင်းထန်လာကာ စောမြတ်နွယ်၏ ရင်ထဲတွင် ကတုန်ကယင် ဖြစ်လာ၏ ။ တုန်ယင်နေသော ဒူးကလေးများ ညွတ်ခွေမသွားရလေအောင် စိတ်ကိုတင်းထားနေရ၏ ။

အောက်ထပ်တစ်ခုလုံးတွင် ရှေးဟောင်းလက်ရာ အိမ်ထောင်ပရိဘောဂတွေ က သူ့နေရာနှင့် သူ ခမ်းနားတင့်တယ်လျက် အရောင် အသွေး တောက်ပလျက်ပင်ရှိနေသည်ကို စောမြတ်နွယ်တွေ့ ရ၏ ။ ဧည့်ခန်းနံရံတွင် ဓာတ်ပုံကြီးနှစ် ပုံ ချိတ်ဆွဲထားသည်ကို စောမြတ်နွယ်တွေ့ ရသည်။ တစ်ပုံကား နှုတ်ခမ်းမွေးကားကားမျက်နှာထားတည်တည်နှင့် ငှက်ကြီးတောင်ဓားကို စလွယ်သိုင်းထားသော လူကြီး တစ်ယောက် ။ ကျန်တစ်ပုံကား ဘီးဆံပတ်ကြီးနှင့် အင်္ကျီလက်ပွကြီးကို ဝတ်ဆင်ထားသော မဟာဆန်ဆန်ချောမွေ့ ကျက်သရေရှိလှသည့် မိန်းမ တစ်ယောက် ။

စောမြတ်နွယ်သည် သော့ ရပ်သွားသော စက်ရုပ်ကလေးကဲ့သို့ ထိုဓာတ်ပုံနှစ်ပုံ၏ ရှေ့တွင် အလိုအလျောက်ရပ်သွားမိ၏ ။

အဘွားကြီးသည် နောက်သို့ လှည့်ကြည့်လိုက်ရာတွင် ဓာတ်ပုံကြီးနှစ် ပုံရှေ့၌ ရပ်နေသည့် စောမြတ်နွယ်ကိုတွေ့ လိုက်ရ၏ ။ သူ၏ စိတ်တွင် ရုတ်ခြည်း ဒေါသထွက်လာ၏ ။

“ဆရာမ ကလေးက တယ်ငေးတာကိုး။ ဒီဓာတ်ပုံတွေ က ဘာများ စိတ်ဝင်စားစရာရှိလို့လဲ။ မသူဇာကဖြင့် အပေါ်ထပ်မှာ မျှော်နေရှာရော့မယ်”

စောမြတ်နွယ်သည် စိတ်အားငယ်စွာ ဖြင့် ကျွန်းလှေကားကြီးပေါ်သို့ တက်ရင်း မရဲတရဲဖြင့် .....

“ဧည့်ခန်းထဲက ဓာတ်ပုံက ဒေါ်သူဇာရဲ့ ဓာတ်ပုံလားဟင်”

“ဟုတ်တယ်.... မသူဇာပဲ တစ်ဘက်ပုံ ကတော့ စိတ်ထက်သန်တဲ့ ဩဇာရှင် မသူဇာရဲ့ ယောက်ျားပုံပဲပေါ့။ မာန်မာနတွေ ခက်ထန်တဲ့စိတ်တွေ ကပဲ သူ့ကို ပြန်နှိပ်စက်လို့ အခုတော့ သူဆုံးသွားရှာပြီ”

“ရှင်....”

စောမြတ်နွယ်၏ ရင်ထဲတွင် သိမ့်ကနဲ တုန်သွား၏ ။

အဘွားကြီးက စောမြတ်နွယ်၏ မျက်နှာကလေးကို မျက်မှော င်ကြုပ်၍ ကြည့်လိုက်သည်။

“ဦးဘောဂဆုံးသွားပြီဆိုလို့ ဆရာမ ကလေး အံ့ဩသွားတယ်ထင်ပါရဲ့ ”

“ဟုတ်... ဟုတ်ကဲ့။ ဘယ်တုန်းက ဆုံးသွားတာလဲအဘွား”

“ငါမှ ငါဆိုတဲ့ ငါစွဲဝါဒကြီးက သူ့ကို စိတ်ထောင်းကိုယ်ကြေလုပ်လိုက်လို့ ဆုံးသွားတာ သုံးနှစ် ရှိပြီကွဲ့”

အဘွားကြီး၏ စကားများ ကို ထောက်ရှုကြည့်ရခြင်းဖြင့် ဘိုးဘိုး ဦးဘောဂအပေါ်တွင် မကျေမနပ် ရှိခဲ့ကြောင်းမှာ သိသာထင်ရှားလှ၏ ။ မြတ်ရိပ်မွန်အိမ်ကြီး၏ ကြေကွဲစရာဇာတ်လမ်းကို သူသည် ခရေစေ့တွင် းကျ တိတိကျကျ သိချင်လွန်းလှပါ၏ ။ ထိုစိတ်များ ကြောင့် လည်း မွေးမေမေ၏ အိမ်ကို မြင်ယုံသာမြင်ဖူးချင်သော စောမြတ်နွယ်သည် အခုတော့ မြတ်ရိပ်မွန်ဆီ ညွတ်ကွင်းမှ ရုန်းမထွက်ချင်အောင်ပင် ဖြစ်လာတော့၏ ။

“ဒီအခန်းက မျိုးမျိုးရဲ့ အခန်းလေ။ မျိုးမျိုးဆိုတာက ဦးဘောဂနဲ့ မသူဇာရဲ့ တစ်ဦးတည်းသော သမီးကလေးပေါ့”

သော့ ခလောက်ကြီးတစ်ခု ခတ်ထားသော အခန်းကို ညွှန်၍ အဘွားကြီးက စောမြတ်နွယ်ကို ပြောပြပြန်သည်။

သော့ ခတ်ထားသော အခန်းနှင့် ကပ်လျက်သားအခန်းရှေ့သို့ ရောက်လျှင် အဘွားကြီးသည် ရပ်လိုက်ပြီး ပိတ်ထားသော တံခါးလက်ကိုဘုကို လှည့်လိုက်သည်။

ခိုင်ခန့်လှပသော ကျွန်းခုတင်ကြီးပေါ်တွင် ကတ္တီပါစောင်ကို လွှမ်းခြုံ၍ လှဲနေသော အသက် ခြောက်ဆယ်ကျော် အသားဖြူဖြူပိန်ပိန်ပါးပါးအဘွားကြီး တစ်ယောက်ကို စောမြတ်နွယ်က တွေ့လိုက် ရသည်။

တံခါးဖွင့်သံကြောင့် အဘွားကြီးက တံခါးဝဆီသို့ လှည့်ကြည့်နေ၏ ။

"မအိလား"

"ဟုတ်တယ် မသူဇာ။ ဆရာမ လေးရောက်လာပြီ"

"ဟင်.... ဟုတ်လား။ သူ့ကို ဒီအခန်းထဲ ခေါ်မလာခဲ့ဘူးလား"

အဘွားကြီး၏ မျက်နှာတွင် အားရခြင်းဖြင့် ကျေနပ်ခြင်းများ က ယှက်သန်းလာ၏ ။

စောမြတ်နွယ်က အဘွားကြီး၏ အမေးကို အံ့သြသွားကာ မျက်လုံးကလေးများ ဝိုင်းဝိုင်းလည် သွား၏ ။ အကြောင်းမှု ဒေါ်အိအနားတွင် သူရပ်သည်ကို တွေ့ရပါလျက်နှင့် ဆရာမ လေးကို မခေါ်လာ ဘူးလားဟူသော အဘွားကြီး၏ အမေးကြောင့် ဖြစ်သည်။

"သူ့ကို တစ်ခါထဲ ခေါ်လာပါတယ်။ ကဲ.... ဆရာမ လေး မသူဇာ့အနားကို တိုးသွားလိုက်ပါ။ သူ့ခမြာ မျက်လုံးတွေ ကွယ်နေလို့ ဆရာမ ကလေးကို မမြင်ရရှာဘူး"

ဒေါ်အိ၏ စကားကြောင့် စောမြတ်နွယ်၏ ရင်တွင် ယူကျုံးမရ ဖြစ်ကာ ဆို့နစ်၍ သွားတော့၏ ။ လက်ထဲက သေတ္တာကလေးကို ချက်ချင်း ချကာ ဒေါ်သူဇာ၏ ခုတင်အနီးဆီသို့ စောမြတ်နွယ် တမုဟုတ်ခြင်း ရောက်ရှိသွား၏ ။ ဘွားဘွား... ဘွားဘွားဟု လှိုက်လှိုက်လှဲလှဲ နှစ် နှစ် ကာကာကြီးခေါ် ကာ ဒေါ်သူဇာ၏ ရင်ခွင်တွင် တိုးဝင်ဖက်တွယ်ထားလိုက်ချင်သည့်စိတ်များ ကို စောမြတ်နွယ်သည် မနည်းကြီး ကြိုး စားထိန်းချုပ်နေရ၏ ။

စောမြတ်နွယ်သည် အကျောပြိုင်းပြိုင်းထနေသော ဒေါ်သူဇာ၏ လက်မောင်းကလေးကို ညင်သာစွာ ဆုပ်ကိုင်၍ သူ့အားမှန်းဆကြည့်နေသည်။ ဒေါ်သူဇာ၏ မျက်နှာကို ကြေကွဲဆို့နင့်စွာ ကြည့် နေမိသည်။

"ဆရာမ လေးရဲ့ လက်ဖဝါးတွေ က ဝါဂွမ်းလိုပဲ နူးညံ့လိုက်တာ။ သမီးကလေး ခင်မျိုးမြတ်ရဲ့ လက်ကလေးတွေ လိုပါပဲလား။ ဆရာမ ကလေး အသက် ဘယ်နှစ် နှစ် ရှိပြီလဲဟင်...."

"ဆယ့်ရှစ်နှစ် ပါ မေမေကြီး"

အသံများ မတုန်အောင် ကြိုး စား၍ ဖြေလိုက်ရ၏ ။

"မိန်းကလေး တစ်ယောက် ရဲ့ အလှဆုံးအရွယ်ပေါ့ကွယ်။ ဆရာမ ကလေးကို မေမေကြီး ကြည့်ချင်လိုက်တာ။ သမီးကလေး ခင်မျိုးမြတ်ဆိုရင် ဆယ့်ရှစ်နှစ် အရွယ်တုန်းက ကြည့်လို့မဝအောင် အလှကြီးလှခဲ့တယ် မဟုတ်လား မအိ"

"မသူဇာကလေ မျိုးမျိုးအကြောင်း မပါရင် စကားမပြောတတ်သလို ဖြစ်နေပြီ။ ဆရာမ ကလေး သူ့စကားတွေ ကို သီးခံပါကွယ်နော်"

"အို.... ကျွန်မအတွက် ဘယ်လိုမှ စိတ်အနှောင့်အယှက် မ ဖြစ်ပါဘူး။ မေမေကြီး စိတ်ချမ်းသာ မယ်ဆိုရင် ဘာမဆိုပြောချင်ရာပြောပါ။ ကျွန်မ နားထောင်ပါ့မယ်"

"ဆရာမ ကလေးရဲ့ အသံကလဲ သိပ်ချိုတာပဲ။ ခြေသံကလဲ သိမ်မွေ့တယ်။ အင်မတန် အိန္ဒြေ သိက္ခာရှိတဲ့ မိန်းကလေး ဖြစ်မှာ ပဲ"

စက္ခုနှစ် ကွင်း အလင်းမရသည့်အပြင် စိတ္တဇဝေဒနာစွဲကပ်နေသော ဘွားဘွားဒေါ်သူဇာ၏ အ ဖြစ်ဆိုးကို စောမြတ်နွယ်မှာ မရှုဆိတ်ရက်အောင် ဖြစ်နေရပေ၏ ။

"ဟော.... မအိ။ စာပို့တဲ့ကောင်ကလေးရဲ့ ဆိုင်ကယ်သံကြားတယ်"

ဒေါ်သူဇာ၏ နားများ က ပါးလွန်းလှ၏ ။ သူ၏ မျက်နှာသည် အပြုံး ဖြင့် ဝင်းလက်သွား၏ ။

"ဒီစာပို့သမားကလေးကိုလဲ သူ့မှာ တစ်နေ့တစ်နေ့ မျှော်လိုက်ရတာ "

"မြန်မြန် စာသွားယူစမ်းပါ မအိရယ်။ ကျွန်မ မစောင်းနိုင်တော့ဘူး"

တုန်ချိချိနှင့် လှည့်ထွက်သွားနေသော ဒေါ်အိ၏ လက်ကို စောမြတ်နွယ်က လှမ်းဆွဲထားလိုက် သည်။

"နေ.... နေ.... အမေအိ။ ကျွန်မ သွားယူပေးပါ့မယ်"

"အေး....အေး။ သွက်သွက်လက်လက်နဲ့ သွားလိုက်စမ်းပါကွယ်"

သံကြိုး စာကလေးတစ်စောင် ဖြစ်နေ၍ စောမြတ်နွယ်မှာ လူစားဝင်ယူထားနေသော ဆရာမ ကလေးဆီကများ ဖြစ်နေလေမလားဟု သွေးလန့်လာ၏ ။ ရင်တထိတ်ထိတ်၊ အသည်းတဖိုဖိုဖြင့် ဒေါ်သူဇာ၏ အခန်းကို ပြန်ရောက်ခဲ့ရလေသည်။

"ဖတ်စမ်းပါ ဆရာမ လေးရယ်၊ မြန်မြန်ဖွင့်ဖတ်စမ်းပါ"

အဘွားကြီး၏ စိတ်များ သည် အိန္ဒြေမဆည်နိုင်အောင်ပင် စော၍ နေ၏ ။

စောမြတ်နွယ်သည် တစ်ဆတ်ဆတ်တုန်နေသော လက်များ ဖြင့် သံကြိုး စာကိုဖွင့်ကာ ဖတ်ရှု လိုက်သည်။ သံကြိုး စာမှာ သူနာပြုဆရာမ မေသင်းကြိုင်ဆိုသူထံမှ ဖြစ်၏ ။ သူ့တွင် ကိုယ်ရေး ကိုယ်တာ ကိစ္စ သိပ်အရေး ကြီးနေ၍ ဒေါ်သူဇာ၏ အလုပ်ကို လက်မခံနိုင်တော့ကြောင်း၊ ဒေါက်တာထွန်းဝေက လည်း သဘောတူကြောင်း အကြောင်းကြားလိုက်သည့် သံကြိုး စာပင် ဖြစ်လေသည်။

"ဘာတဲ့လဲဟင်။ မြန်မြန်ပြောစမ်းပါ ဆရာမ လေးရဲ့ "

"ကျွန်မပို့လိုက်တဲ့ သံကြိုး စားပါပဲမေမေကြီး။ ကျွန်မ ဒီကို မလာ ဖြစ်တော့ဘူးထင်လို့ မေမေကြီး တို့ တစ်ခြားလူငှားချင် ငှားရအောင် ကြိုရိုက်လိုက်တဲ့စာပါပဲ"

"ဟင်း.... မောင်သန်းထိုက်ဆီကများ လားလို့ကွယ်။ မေမေကြီးဖြင့် ရင်မောလိုက်တာ"

"မောင်သန်းထိုက်ဆိုတာက ဘယ်သူများ ပါလိမ့်။ ဘာ ဖြစ်လို့ သူ့ဆီက သံကြိုးစာကို ဘွားဘွား သိပ်မျှော်လင့်တောင့်တနေတာပါလိမ့်"

စောမြတ်နွယ်မှာ တွေးမရအောင် ဖြစ်နေရှာ၏ ။

"မသူဇာ စိတ်ကိုလျှော့စမ်းပါကွယ်။ အချိန်တန်တော့ မောင်သန်းထိုက်ရောက်လာမှာ ပေါ့။ ဘာ ဖြစ်လို့ စိတ်အပင်ပန်းခံနေရတယ်ဆိုတာလဲ မအိ မသိပါဘူး။ ကဲပါလေ.... ဒီကိစ္စအသာထားဦး။ ဆရာမ ကလေးအတွက် ဟိုဘက်ခန်းကို ပြင်ဆင်ပေးလိုက်ပါဦး"

"အင်း... ကောင်းတယ်၊ ကောင်းတယ်။ မသူဇာနဲ့ ကပ်ရက်အခန်းမှာ ဆရာမလေးနေတာ ကောင်းတယ်။ ဒါမှ ညရေး ညတာ စိတ်ချရမယ်"

ပြောပြောဆိုဆို ဒေါ်အိသည် ကုန်းကုန်း..... ကုန်းကုန်းနှင့် ဒေါ်သူဇာ၏ အခန်းတွင် းမှ ထွက်ခွာ သွားတော့၏ ။

"အင်း..... မအိလိုလူမျိုး ကတော့ ရှားပါတယ်။ မေမေကြီးနဲ့ ဆယ့်လေးငါးနှစ်သမီးကလေး ကတည်းက အတူနေကြတာ။ သမီးကလေးဆိုရင်လဲ သူ့လက်ပေါ်မှာ အရွယ်ရောက်ခဲ့ရတယ်"

•••

# အခန်း(၅)

အခန်း(၅)

က။

ကိုယ့်လိပ်ပြာ ကိုယ်သန့်၍ လှုပ်ရှားနေသော စောမြနွယ်၏ စိတ်များ သည် သူနာပြုဆရာမ လေး မေသင်းကြိုင် မြတ်ရိပ်မွန်သို့ မလာနိုင်တော့ကြောင်း ပေးပို့လိုက်သည့် သံကြိုး စာကိုဖတ်လိုက်ရမှ ငြိမ်သက်စပြုလာ၏ ။ အသက်ရှူချောင်လာရ၏ ။ တိုက်တိုက်ဆိုင်ဆိုင် ဤအ ဖြစ်မျိုးနှင့် ကြုံရအောင် ကံဆရာသည် ဘာကိုရည်ရွယ်၍ ကြိုးဆွဲလိုက်သည်ကိုတော့ စောမြတ်နွယ်မသိ။ ရရှိလာသော အခွင့် အရေး အတွက်ကိုတော့ အခိုက်အတန့်ပဲ ခံစားရစေတော့။ သူ့မှာ နှစ်သက် ကျေနပ်၍ မဆုံးအောင်ပင် ဖြစ်နေ၏ ။ မေသင်းကြိုင်အစစ်မဟုတ်မှန်း မြတ်ရိပ်မွန်တွင် နေထိုင်ကြသူများ မသိမချင်း မေသင်းကြိုင်အ ဖြစ် ထိုအိမ်ကြီးတွင် ဆက်လက်ဟန်ဆောင်နေထိုင်ရန် စောမြတ်နွယ်က ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချထားလိုက်တော့သည်။

အဘွား ဖြစ်သူကို စောမြတ်နွယ်သည် ခုတင်ပေါ်တွင် လှဲနေစေပြီး မျက်စဉ်းခပ်ပေးနေ၏ ။ သူ၏ အကိုင်အတွယ်၊ အပြုအစုများ သည် ညင်သာသိမ်မွေ့လွန်းနေ၍ ဘွားဘွားသူဇာမှာ ကျေနပ်၍ မဆုံး အောင်ပင် ရှိနေပေသည်။

“ဆရာမ ကလေးလဲ ရောက်လာကတည်းက မေမေကြီးအနားက မခွာဘူး။ ခရီးပန်းလာရင်လဲ ခဏ သွားအနားယူပါလားကွယ်”

“ဟင့်အင်း.... ကျွန်မ အနားမယူချင်သေးပါဘူး”

“ဒါဖြင့် ရင်လဲ ဒီခုတင်ပေါ်မှာ ထိုင်ပါဦး။ စကားပြောရတာ ပေါ့ကွယ်။ မေမေကြီးမှာ ဒီအချိန်မျိုး တောင့်တလာခဲ့တာ သမီးကလေးခင်မျိုးမြတ်မရှိကတည်းကပါပဲ”

ဆွေးမြည့်ကြေကွဲစွာ ပြောလာသော ဘွားဘွားသူဇာ၏ စကားများ ကြောင့်

စောမြတ်နွယ်ရင်ထဲ တွင် ကြင်နာစိတ် တသိမ့်သိမ့်ယိုဖိတ်လာ၏ ။ သူက ဘွားဘွားသူဇာ၏ လက်ဖဝါးကလေးများ ကို ယုယစွာ ပွတ်သပ်ဆုပ်နယ်ပေးလိုက် သည်။

"မေမေကြီး.... ဆရာမ ကလေးနဲ့တွေ့ရတာ သိပ်ကံကောင်းတယ်။ ပျောက်ဆုံးသွားတဲ့ မေမေကြီးရဲ့ သမီးကလေး အနားမှာ ရောက်နေသလိုပဲ စိတ်ထဲမှာ ခံစားမိတယ်။ ဆရာမ ကလေးရဲ့ မေတ္တာနဲ့ စေတနာတွေ ကြောင့် ပဲ ထင်ပါရဲ့ "

သွေးက စကားပြောနေလေပြီဟု စောမြတ်နွယ်က ထင်မှတ်လိုက်၏ ။

"ကျွန်မရဲ့ ပြုစုယုယမှု တွေ က မေမေကြီး ကျေနပ်တယ်ဆိုရင် ကျွန်မ ဝမ်းသာလှပါပြီ"

"ကျေနပ်ပါတယ်။ မေမေကြီး သိပ်ကျေနပ်ပါတယ်။ ဆရာမ ကလေးဟာ ဒီနေ့မှ မေမေကြီးတို့ အိမ်ကိုရောက်လာတဲ့လူ ဖြစ်ပေမယ့် မေမေကြီးထဲမှာ တစ်သက်လုံးက အတူနေခဲ့တဲ့ သွေးရင်းသားရင်း တစ်ယောက် လိုပါပဲ။ တကယ်တော့ အခုလို ဆရာမ ကလေး တစ်ယောက် ငှားပြီး မေမေကြီးကို ပြုစုဖို့ နေနေက စီစဉ်တာ။ မေမေကြီးမှာ မျက်စိနှစ် လုံး တိမ်ကွယ်သွားတဲ့အပြင် သမီးကလေးနဲ့ပတ်သက်ပြီး နှလုံး ရောဂါ ကို ခံစားနေရတယ်။ နေနေက မေမေကြီးအတွက် စိတ်မချနိုင်ဘူး။ ဒါကြောင့် မို့ အမြဲတမ်း အနားမှာ ပြု စုစောင့်ရှောက်ဖို့ လူလိုတယ်ဆိုပြီး ရန်ကုန်က သူ့မိတ်ဆွေ ဆရာမ ကလေးတို့ရဲ့ ဆရာဝန် ကြီးဆီ အကူအညီတောင်းလိုက်တာပဲ။ စိတ်ထားမွန်မြတ်တဲ့ စေတနာရှင် ဆရာမ ကလေးကို မေမေကြီးရတာ နေနေရဲ့ ကျေးဇူးကြောင့် "

ဘွားဘွားသူဇာ၏ စကားများ ထဲတွင် ရောက်စက မောင်သန်းထိုက်ဆိုသူ၏ အမည် ပါလာ၏ ။ ယခု နေနေတဲ့။ နေနေဆိုသူမှာ မည် သူနည်း။ စောမြတ်နွယ်တွင် စဉ်းစားစရာတွေ က တိုး၍ တိုး၍ လာနေ၏ ။

"နေနေဆိုတာက ဘယ်သူလဲ မေမေကြီး"

"မေမေကြီးကို ဆေးကုပေးနေတဲ့ သစ်သစ်ခိုင်ရဲ့ မောင် ဒေါက်တာနေလင်းလေ"

"ဒေါက်တာနေလင်းတဲ့။ သူမှား မေသင်းကြိုင်ကိုသိနေရင်တော့ ငါ့အယောင်ဆောင်မေသင်း ကြိုင် ဖြစ်နေတာ ဗူးပေါ်သလို ပေါ်ကုန်တော့မှာ ပဲ"

စောမြတ်နွယ်၏ ရင် စိုးရိမ်ကြောင့် ကျစိတ်တွေ ဝေလာပြန်သည်။

"နေနေက ညနေခြောက်နာရီလောက်ဆိုရင် အမြဲတမ်း မေမေကြီးကို လာကြည့်တယ်။ ဒီနေ့လဲ ရောက်လာမှာ ပါ"

ကြားရသော စကားကြောင့် စောမြတ်နွယ်မှာ အသက်ရှူများ ပင် မှာ းသွားရှာ၏ ။ သူ၏ စိတ်ထဲ တွင် ညနေခြောက်နာရီမရောက်အောင် နာရီလက်တံများ ကိုသာ ဆွဲထားလိုက်ချင်တော့၏ ။

"မိန်းကလေးအတွက် အခန်းပြင်ပြီးပြီ"

"ကျေးဇူးပါပဲ အမေအိ"

"စိတ်တိုင်းကျရဲ့ လားလို့ သွားကြည့်ပါဦးလား"

"ဟုတ်ကဲ့"

စောမြတ်နွယ်သည် ဒေါ်အိနှင့် အတူ သူ့အတွက် ပြင်ဆင်ထားသော အခန်းသို့ ထွက်လာ၏ ။

သပ်ရပ်သန့်ရှင်းသော ခုတင်၊ ခြင်ထောင်၊ မွေ့ယာတို့နှင့် အလှအပပြင်စရာမှန်ဗီရိုပါမကျန် ပြည့်စုံလှသော အခန်းကလေးသည် စောမြတ်နွယ်အတွက် နှစ်သက် စိတ်တွေ ့ဖွယ်ရာ ဖြစ်နေ၏ ။ သူက ခုတင်ခေါင်းရင်းမှ ပိတ်ထားလျက်ရှိသော ပြတင်းပေါက်တစ်ခုကို ဖွင့်လိုက်သည်။

ပြတင်းပေါက်မှ မြင်တွေ ့လိုက်ရသော သဘာဝရှုခင်းသာမှ စောမြတ်နွယ်၏ မျက်လုံးများ သည် ရန်းမထွက်နိုင်အောင် ဖြစ်သွားတော့သည်။

ရွှေမင်းဝံတောင်ခြေရင်းက ပိုင်းခွေရစ်ပတ်စီးဆင်းလာသော မြစ်မင်းဧရာသည် မြောက်ဘက်မှ တောင်ဘက်သို့ တဖွေးဖွေး စီးဆင်းနေ၏ ။ မြစ်ဧရာနဒီကျောမှာ

လင်းရှက်တပ် လှေကလေးများ သည် ရေငယက်တွင် တငြိမ့်ငြိမ့်နှင့် ခပ်ဝေးဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြန်လျှင် သစ်ကြီးဝါးကြီးတွေ နှင့် ညှို့ မှိုင်းအုံ့ဆိုင်းကာ သွယ်တန်းနေသော အနောက်ရိုးမတောင်တန်းကြီးကို တွေ့မြင်ရပေသည်။

မြစ်ပြင်ဆီမှ ဖြတ်ကျော်လာသော လေနုလေအေးများ က စောမြတ်နွယ်၏ နဖူးမှ ဆံစများ ကို တိုးဝှေ့နေကြ၏ ။

"ဩော်... ဒီအိမ်ကြီးနဲ့ ဒီအိမ်ကြီးရဲ့ ပတ်ဝန်းကျင်ရှုခင်းတွေ က သာယာလိုက်တာ တကယ် တော့ ငါဟာ ဒီအိမ်ကြီးနဲ့ မထိုက်တန်လို့ သွေးရင်းသားရင်း ဖြစ်ရက်နဲ့ သူစိမ်း တစ်ယောက် လို ဒီအိမ်ကြီး ပေါ်ကို ရောက်လာခဲ့ရတာ ပဲ။ မေမေသာ အသက်ရှင်ရက်ရှိနေရင် ဒီအိမ် ဒီမြေပေါ်ကို ငါ ခြေတောင် ချရမှာ မဟုတ်ဘူး"

"ဆရာမ ကလေးလဲ ဧရာဝတီမြစ်နဲ့ တောင်တန်းကြီးကိုကြည့်ပြီး အတွေးကြွယ်သွားပြီနဲ့ တူတယ်"

စောမြတ်နွယ်သည် ဒေါ်အိမေးသံကို ကြားလိုက်ရမှ ငေးမောတွေ ဝေရာမှ ရုန်းထွက်လာနိုင် တော့၏ ။

"ပတ်ဝန်းကျင်ရှုခင်းတွေ က သိပ်သာယာတာပဲ အမေအိရယ်။ ကျွန်မ ဒီအိမ်ကြီးမှာ လာအလုပ် လုပ်ရတာ သိပ်ဝမ်းသာတာပဲ။ ကျွန်မက တိတ်တိတ်ဆိတ်ဆိတ်နဲ့ အေးချမ်းတဲ့နေရာမျိုးကို သိပ်ကြိုက် တယ်"

"အင်း..... မျိုးမျိုးနဲ့ အကြိုက်ချင်းတူလိုက်တာ။ မျိုးမျိုးက ပန်းလဲသိပ်ကြိုက်တယ်။ သဘာဝ ရှုခင်းတွေ ကိုလဲ ကြိုက်တယ်။ အနုပညာလဲ ဝါသနာပါတယ်။ သူ ဒီအိမ်ကြီးမှာ ရှိစဉ်က ဆိုရင် ခြံထဲမှာ ပန်းပင်တွေ မျိုးစုံအောင် ရှိတယ်။ အိမ်ရှေ့က ရေကန်ကြီးမှာ ဆိုရင်လဲ ကြာဖြူ ကြာနီတွေ ကပွင့်လို့။ ဒီခြံ ဒီဝင်းကြီးနဲ့ ဒီမြတ်ရိပ်မွန်အိမ်ကြီး ဘယ်လောက်သာယာတယ်၊ လှပတင့်တယ်ဆိုနာ ပြောမပြနိုင် လောက်အောင်ပါပဲ။ ခုတော့ ကြည့်စမ်း။ ချုံနွယ်ပိတ်ပေါင်းတွေ နဲ့ ရေညှိ ထိုက်ကပ်ပင်တွေ နဲ့ ပျက်လိုပျက်၊ ဖြစ်ချင်တိုင်း ဖြစ်နေလိုက်တာ။ ကြည့်ချင်စရာတွေ ကို မရှိတော့ဘူး။ သုသာန်တစပြင်က

အိမ်အိုအိမ်ပျက်ကြီးနဲ့တူနေတော့တာပဲ။ ဒီနေ့တော့ ဆရာမ ကလေးရောက်လာလို့လားမသိဘူး။ ခြောက်ကပ်ကပ်နေတဲ့အိမ်ကြီးဟာ စိုပြည်လာသလိုပါပဲ။ အရှင်ဆုံး ကတော့ မသူဇာ ဖြစ်နေတယ်”

တစ်နေ့တော့ ဘွားဘွားသူဇာရဲ့ သမီး ခင်မျိုးမြတ်ရှိစဉ်ကလို ဒီအိမ်ကြီးဟာ ပြန်ပြီး တင့်တယ်လှပလာဦးမှာ ပါ။ ကျွန်မလဲ တတ်နိုင်တဲ့ဘက် အကူအညီပေးဖို့ အဆင်သင့်ပါပဲ အဘွားအိ”

စောမြတ်နွယ်က ဒေါ်အိ၏ လက်နှစ် ဖက်ကို ဆုပ်ကိုင်ကာ လှိုက်လှိုက်လှဲလှဲကြီး ပြောလိုက်၏ ။

ဒေါ်၏ မျက်နှာတွင် ပြုံး ရောင် သမ်းလာ၏ ။

“အင်း.... ဟုတ်ပြီ.... ဟုတ်ပြီ။ အခုမှပဲ မသူဇာအတွက် အဖော်ကောင်းရလာတော့တယ်။ အမေအိလဲ ခုမှပဲ စိတ်ချမ်းသာရတော့တယ်။ သူ့ကို အလိုလိုက်ပါ။ ပြုစုပါ။ စိတ်ချမ်းသာအောင် ထား ပေးပါ ဆရာမ ကလေးရယ်။ အမေအိတို့အတွက် မသူဇာ စိတ်ချမ်းသာဖို့က အဓိကပါ”

“ကျွန်မလဲ မေမေကြီး စိတ်ချမ်းသာမှု ကို လိုလားပါတယ်အမေအိ”

“အေး.... အေး..... သာဓုကွယ်..... သာဓု.....”

•••

## ၁။

ဒေါ်သူဇာ၏ အိပ်ရာကို ခင်းကျင်းပေးနေသော စောမြတ်နွယ်၏ နားထဲတွင် ခြံထဲသို့ ကားတစ်စီး ဝင်လာသံကို ကြားလိုက်ရ၏ ။

ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသော ဒေါ်သူဇာက စောမြတ်နွယ်ရှိရာဘက်သို့ မျက်နှာမူလိုက်သည်။

"ဟော.... နေနေလာပြီ"

စောမြတ်နွယ်၏ ရင်တွင် နှလုံးသွေးတို့က အရှိန်တိုးမြင့်လာကြတော့၏ ။

"ဘုရား..... ဘုရား..... ဆရာဝန် ကတော့ လာပြီ။ ငါ့အတွက် ဘယ်လိုအခြေအနေတွေ ဖြစ်လာ မယ် မသိဘူး။ ဒုက္ခပါပဲ"

စောမြတ်နွယ်သည် အိပ်ရာကို ကပျာကယာခင်းလိုက်ပြီး ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်နေ သော အဘွားဒေါ်သူဇာကို ခုတင်ဆီသို့ တွဲခေါ်လာ၏ ။ ဒေါ်သူဇာ၏ ကိုယ်ပေါ်သို့ ကတ္တီပါစောင်ကို ခြုံပေးနေစဉ်တွင် ....

"လာဟေ့....နေနေ"

ဒေါ်သူဇာက အခန်းဘက်သို့ ကြည့်ကာ ဒေါက်တာ နေလင်းအား ခေါ်နေသည်။

စောမြတ်နွယ်မှာ နားပါးလွန်း၍ ခြေသံကို အတတ်သိနေသော အဘွား ဖြစ်သူ၏ မျက်နှာကို တအံ့တသြကြည့်နေမိရှာ၏ ။

"ဘွားဘွား ဒီနေ့ နေကောင်းတယ်နော်"

"အေး.... ကောင်းတယ် နေနေ"

ဆေးအိတ်ကို စားပွဲပေါ်တွင် ချရင်း ဒေါက်တာနေလင်းက မေးလိုက်သည်။

စောမြတ်နွယ်သည် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားပြီး သူ့အား စူးစမ်းကြည့်ရှု နေသော ဒေါက်တာနေလင်း၏ မျက်လုံးများ ကို ရင်ဆိုင်လိုက်၏ ။ ထူထဲသော မျက်ခုံးများ အောက်မှ နက်မှော င်စူးရှသော ဒေါက်တာနေလင်း၏ မျက်လုံးအစုံသည် စောမြတ်နွယ်၏ မျက်နှာကလေးကို စူးစူး ဝါးဝါး စူးစိုက်ကြည့်နေကြ၏ ။ ထိုမျက်လုံးအစုံက တစ်စုံတစ်ခုကို သိနေသယောင်ယောင် ရှိလှ ပေသည်။

စောမြတ်နွယ်က စတင်၍ မျက်လွှာချလိုက်သည်။

"သူ့မျက်လုံးတွေ ကို ငါကြောက်လိုက်တာ"

“မေမကြီးတော့ နေနေကို သိပ်ကျေးဇူးတင်တာပဲကွယ်။ ဒီဆရာမ ကလေးလို မိန်းကလေးမျိုး မေမကြီး တောင့်တနေတာကြာပြီ”

“မေမကြီးစိတ်နဲ့ တိုက်ဆိုင်တဲ့လူကိုရတာ ကျွန်တော် ကျေးဇူးတင်ပါတယ်”

ဒေါက်တာနေလင်းက လက်တစ်ဘက်ဖြင့် ရှပ်အင်္ကျီအိတ်ကို စမ်းကြည့်ရင်း စောမြတ်နွယ်အား ကြည့်ကာ ပြန်ဖြေလိုက်သည်။

“ဒါနဲ့ ဆရာမ ဘာနဲ့လာသလဲ”

“ကျွန်မ သဘော်္ဂနဲ့လာတာပါ”

“သဘော်္ဂနဲ့ ဟုတ်လား။ အစတုန်းက စာရေး အကြောင်းကြားထားတော့ လေယာဉ်နဲ့ဆို”

ဒေါက်တာနေလင်း၏ အမေးနှင့် အကြည့်အရှုများ က တရားခံကို စစ်ဆေးနေသော တရားသူကြီး ၏ မာန်နှင့် တူလှ၏ ။

“ဟုတ်.... ဟုတ်ပါတယ်။ အစ ကတော့ လေယာဉ်ပျံနဲ့လာဖို့ပါပဲ။ နောက်တော့ ကျွန်မ ကိစ္စ ကလေးတွေ မပြီးမပြတ်တာနဲ့ မန္တလေးကိုသွားရင်း ဟိုကမှတစ်ဆင့် သဘော်္ဂနဲ့ လာတာပါ”

“အိုကွယ်... နေနေကလဲ သူဘာနဲ့လာလာ အရေး ကြီးတာက သူ မေမကြီးဆီ ရောက်လာဖို့ပဲ မဟုတ်လား”

ဒေါက်တာနေလင်းသည် မည် သို့ မှ ဆက်လက်မေးမြန်းခြင်းမပြုဘဲ စောမြတ်နွယ်ကိုသာ စုံစမ်း လေ့လာနေပြန်၏ ။ ယခု သူမြင်နေရသော ဆရာမ မေသင်းကြို င်သည် ယခင် သူတွေ းထင်နေသည့် မေသင်းကြိုင်မဟုတ်။ မရင့်ကျက်သေးသော ကလေးသာသာအရွယ် ဆရာမ လေးမေသင်းကြိုင် ဖြစ်နေ သော ကြောင့် သူ အံ့သြရ၏ ။ မေသင်းကြိုင်၏ မျက်နှာသည် သူ့မျက်စိထဲတွင် အပြစ်ကင်းစင်သော ကလေးလေးနှင့် တူနေ၏ ။ ကိုယ်လုံး ကိုယ်ထည် သေးသေးသွယ်သွယ်၊ ကျစ်ကျစ်လစ်လစ်နှင့် နွမ်းပါး သော

အဝတ်အထည်တို့ကို ရိုးသားစွာ ဝတ်ဆင်ထားသော ဆရာမ ကလေးသည် ရန်ကုန်သူ တစ်ယောက် ဟုတ်မဟုတ်ဟူသော သံသယ သူ့တွင် ဝင်လာ၏ ။ သူတွေ့ခဲ့ဖူးသော ဒေါက်တာထွန်းလှ ၏ စရိုက်ပိုက်ဆေးခန်းမှ ဆရာမ ကလေးများ သည် ခေတ်ဆန်၍ ဆိုရှယ်ကျသူများ ဖြစ်ကြ၏ ။ ယခု သူတွေ့မြင်နေရသော ဆရာမ ကလေး မေသင်းကြိုင်လို နွမ်းပါးရိုးသားကြသူများ မဟုတ်။

“ဆရာမ လုပ်မယ့် အလုပ်တွေ ကို မသိရသေးဘူးနော်”

“ဟုတ်ကဲ့။ အမိန့်ရှိပါ ဒေါက်တာ”

“အလုပ်အကြောင်းကို မပြောခင် ကျွန်တော် တို့ လူနာက ဘာဝေဒနာရှင် ဖြစ်မယ်ဆိုတာကို အရင်ပြောရလိမ့်မယ်။ မေမေကြီးမှာ မျက်စိနှစ် ဖက်စလုံး တိမ်ကွယ်သွားလို့ လုံးဝမမြင်ရဘူးဆိုတာ တော့ ဆရာမ သိနေပါပြီ”

“ဟုတ်ကဲ့”

“အင်း.... တခြား ရောဂါ တစ်ခု ကတော့ သူ့မှာ နှလုံးအားနည်းတဲ့ ရောဂါ ဖြစ်နေတယ်။ နှလုံး ရောဂါ စအမြစ်တွယ်နေတယ်ပဲ ဆိုပါစို့ဗျာ။ ဒီတော့ မေမေကြီးကို ကျွန်တော် ပေးထားတဲ့ဆေးတွေ ဆရာမ အချိန်မှန်မှန် တိုက်ပေးရမယ်။ သူ့အတွက် အစားအသောက်တွေ ကို ခင်ဗျားကိုယ်တိုင် စီစဉ်ပေးရမယ်။ တတ်နိုင်သမျှ အသားမပါစေရဘူး။ တခြား သူ့ဝေယျာဝစ္စတွေ ကိုလဲ ဆရာမ တာဝန်ယူပြီး လုပ်ပေးရလိမ့်မယ်။ ကျွန်တော် ညနေဘက်ရောက်လာတိုင်း မေမေကြီး ဘာစားတယ်။ ဘာ ဖြစ်တယ်ဆိုတာတွေ ကို ဆရာမ ပြန်ပြောပြရမယ်။ ကဲ.... မှတ်မိပြီလား”

“ဟုတ်ကဲ့.... ကျွန်မ မှတ်မိပါပြီ”

“ဟုတ်ပြီ။ ကဲ... အခု ကျွန်တော် မေမေကြီးကို ဆေးထိုးပေးမယ်”

“အဲဒါသာကြည့်တော့ ဆရာမ ကလေးရေ.... မှာ နေလိုက်တာ တသီကြီးပဲ။ အလွတ်သာ ရအောင်ကျက်ထားပေတော့”

"အလွတ်ကျက်စရာမလိုပါဘူး မေမေကြီးရယ်။ ကျွန်မအားလုံးမှတ်မိပါတယ်။ ဆေးရုံမှာ ဆိုရင် လူပေါင်း ဆယ်ယောက် ဆယ့်ငါးယောက် အတွက် မှတ်ထားရတာ "

ဒေါက်တာနေလင်းက စောမြတ်နွယ်၏ စကားဆုံးသွားလျှင် သဲ့သဲ့ပြုံး ၍ သူ့အား ကြည့်လိုက်သည်။

စောမြတ်နွယ်သည် ဆေးထိုးပြီးသွားသော ဒေါ်သူဇာ၏ တင်ပါးကို ဆေးပြန့်သွားစေရန် အတွက် အသာပွတ်ချေ၍ ပေးနေ၏ ။

"ကဲ... ဘွားဘွားသူဇာ နေနေပြန်လိုက်ဦးမယ်။ လူနာ တစ်ယောက် သွားကြည့်စရာက ရှိနေသေးတယ်"

"အေး.... အေး.... ငါ့မြေးမှာ လဲ တစ်နေ့ တစ်နေ့ နားရတယ်ကို မရှိဘူး"

"ကဲ... ဆရာမ ကျွန်တော် သွားမယ်။ ကျွန်တော် မှာ ခဲ့တာတွေ သတိရတယ်နော်"

"ဟုတ်ကဲ့"

ဆေးအိတ်ကို ကောက်ကိုင်ကာ အခန်းထဲမှ ဒေါက်တာနေလင်း ထွက်ခွာသွားမှပင် စောမြနွယ် သည် ရဲရဲအသက်ရှူပုံ့တော့၏ ။

`ဪ.... နေနေကို ပြောလိုက်ဖို့တောင် မေ့သွားတယ်။ မနက်ဖြန် ညဘက်ကျရင် သစ်သစ်ခိုင်နဲ့ သူ့ကို ထမင်းစားဖိတ်မလို့။ သွားစမ်းပါဦး ဆရာမ လေးရယ်။ နေနေနောက်ကို လိုက်ပြီး မေမေကြီးက မက်ဖြန်ညစာဖိတ်ကြောင်း ပြောပေးပါ။ သွား..... သွား... မြန်မြန်သွား။ နေနေထွက်သွား ဦးမယ်'

စောမြတ်နွယ်သည် ဒေါက်တာနေလင်းကိုအမီ အောက်ထပ်သို့ ပြေးဆင်းလာရ၏ ။

`ဒေါက်တာ.... ဒေါက်တာ.... ခဏနေပါဦး'

အိမ်ထဲမှ လှမ်းထွက်နေသော ဒေါက်တာနေလင်း၏ ခြေလှမ်းများ သည်

စောမြတ်နွယ်၏ ခေါ်သံ ကြောင့် တုံ့သွားကြ၏ ။ သူက စောမြတ်နွယ်ကိုလည်း ပြန်ကြည့်လိုက်သည်။

`ဆိုစမ်းပါဦး ဆရာမ '

စောမြတ်နွယ်က ဒေါက်တာနေလင်း၏ ရှေ့တွင် မျက်လွှာကလေးများ ချ၍ ရပ်လိုက်၏ ။

`မေမေကြီးက ဒေါ်သစ်သစ်ခိုင်နဲ့ ဒေါက်တာကို မနက်ဖြန်ညစာဖိတ်ပါရစေတဲ့'

`ကောင်းပါပြီ။ မမကို ကျွန်တော် ပြောလိုက်ပါ့မယ်'

`ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်'

စောမြတ်နွယ်က ပြောစရာရှိတာပြောပြီးပြီမို့ လှည့်ထွက်ဟန်ပြင်လိုက်သည်။

`နေပါဦးလားဆရာမ '

စောမြတ်နွယ်၏ ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွား၏ ။

'ကျွန်မမှာ လုပ်စရာလေးတွေ ရှိနေလို့ ခွင့်ပြုပါဦးဒေါက်တာ'

'ဆရာဝန် တစ်ယောက် အနေနဲ့ သူ့လူနာကိုကြည့်ရှုရမယ့် ဆရာမ တစ်ယောက် ကို မှာ စရာတွေ ၊ တိုင်ပင်စရာတွေ အများ ကြီးရှိနေတာပဲ ဆရာမ ။ ဒါပေမယ့် အခုအချိန်မှာတော့ ဒီအကြောင်းကို ခဏ အချိန်ဆွဲထားနိုင်ပါတယ်။ ကျွန်တော် သိချင်တာ ကတော့.....'

ဒေါက်တာနေလင်းသည် စကားမဆက်ဘဲ စောမြတ်နွယ်၏ ရှေ့တွင် ရပ်လိုက်ကာ စူးရှသော မျက်လုံးအစုံဖြင့် စောမြတ်နွယ်၏ မျက်နှာကလေးကို ကြည့်နေ၏ ။ သူ့မျက်လုံးများ က စောမြတ်နွယ်၏ နှလုံးသားများ ထိအောင် ဖောက်ထွင်းမြင်နေသလားဟု စောမြတ်နွယ်က ထင်မှတ်မိရှာ၏ ။ ကျားသနား မှ နွားချမ်းသာရမည့် ကိန်းမို့ စောမြတ်နွယ်သည် အသနားခံသော မျက်လုံးများ ဖြင့် ဒေါက်တာနေလင်း၏ မျက်နှာကို မော့ကြည့်လိုက်သည်။

'ဒေါက်တာဘာသိချင်တာလဲ ဟင်'

'ဆရာမ ရဲ့ လှည့်ကွက်ကိုလေ'

စောမြတ်နွယ်က ဝိုင်းစက်ပြူး ကျယ်သော မျက်လုံးကလေးများ ဖြင့် ဒေါက်တာနေလင်း၏ မျက်နှာကို လှမ်းကြည့်လိုက်၏ ။

တစ်ကိုယ်လုံးရှိသွေးများ ရပ်တန့်သွားလေသလားဟု စောမြတ်နွယ်ထင်လိုက်မိသည်။

'ကျွန်မ... ကျွန်မ လှည့်ကွက် ဟုတ်လားဒေါက်တာ။ ဘာဆိုလိုတာလဲဟင်'

'ဩော်.... ဆရာမ သဘောမပေါက်ဘူးပေါ့'

ပြောပြောဆိုဆို ဒေါက်တာနေလင်းက သူ၏ ရုပ်အင်္ကျီအိတ်အတွင်း းမှ စာတစ်စောင်ကို ထုတ်ယူကာ စောမြတ်နွယ်အား လှမ်းပေးလိုက် သည်။

'ခင်ဗျားကိုယ်တိုင် ဒေါ်သူဇာရဲ့ အလုပ်ကို လက်မခံနိုင်တော့ကြောင်း အကြောင်းကြားလိုက်တဲ့ စာလေ။ ခု ခင်ဗျား ဒီကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ။ ခင်ဗျား ဒီကအလုပ်ကို လက်မခံနိုင် ကြောင်း ဝတ်လုံဦးသန်းထိုက်ဆီက စာကိုလဲ ကျွန်တော် ရထားတယ်'

'ဝတ်လုံ ဦးသန်းထိုက်....'

စောမြတ်နွယ်၏ တစ်ကိုယ်လုံးသည် ပူထူလာကာ ခေါင်းထဲတွင် လည်း ဟုန်နေ၏ ။

'ကျွန်မ.... ကျွန်မ ကိစ္စတွေ ပြီးသွားလို့ ဒေါ်သူဇာတို့ တကယ်လိုအပ်ရင်လဲ ကျွန်မ ဒီမှာ အလုပ် ဝင်မယ်။ မလိုအပ်ရင်လဲ ရန်ကုန်ပြန်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဒီကိုရောက်လာခဲ့တာပါဒေါက်တာ။ ဒေါက်တာအနေနဲ့ ကျွန်မအပေါ်သံသယရှိနေမယ်ဆိုရင်တော့ ဒီအလုပ်က ကျွန်မ နုတ်ထွက်ပေးဖို့ အဆင်သင့်ပါပဲ'

ဒေါက်တာနေလင်းသည် လက်တစ်ဘက်ကို ခါးတွင် ထောက်၍ ကျန်တစ်ဘက်ကို တံခါးပေါင် ကိုထောက်ကာ မျက်မှောင်ကြီးကြုပ်၍ သူ့ရှေ့တွင် ရပ်နေသော စောမြတ်နွယ်ကို အတန်ငယ်ကြာ သူ့ကို လေ့လာအကဲခတ်နေ၏ ။

သူ၏ စိတ်ထဲတွင် စောမြတ်နွယ်၏ စိတ်ကို ထိုးထွင်း၍ သိမြင်နိုင်စွမ်း မရှိ။ စောမြတ်နွယ်၏ နထွေး၍ အပြစ်ကင်းစင်သော မျက်နှာကလေးကိုကြည့်ကာ သူပြောသမျှတွေ ကို သာ အကြွင်းမဲ့ ယုံကြည်ပစ်ချင်နေ၏ ။

မျက်ရည်ဝိုင်းသော မျက်လုံးရွဲကြီးများ ဖြင့် စောမြတ်နွယ်က သူ့မျက်နှာကို တစ်ချက်မော့ကြည့်လိုက်လျှင် ဒေါက်တာနေလင်းသည် အသက်ရှူပြင် မှာ းသွားတော့၏ ။

'ကောင်းပြီလေ။ ဆရာမ မှာ ဘယ်လိုလျှို့ဝှက်ချက်မျိုးတွေ ပဲရှိရှိ၊ မရှိးသားရင်တော့ တစ်နေ့ ဖူးပေါ်သလို ပေါ်လာမှာ ပဲ။ ကျုပ်ကလဲ စောင့်ကြည့်နေမှာ ပဲ။ လောလောဆယ် ကျုပ်အတွက် အရေး ကြီးတာက ကျုပ်လူနာ စိတ်ပျော်ဖို့နဲ့ လူနာအပေါ် ဆရာမ စေတနာသန့်သန့်နဲ့ စောင့်ရှောက် ထားဖို့ပါပဲ'

'ဒီအတွက်တော့ စိတ်ချပါ ဒေါက်တာ။ ဘွားဘွားသူဇာဟာ ကျွန်မအတွက် သာမန်လူနာ တစ်ယောက် ထက်ပိုပါတယ်။ ကျွန်မ ဘယ်လောက်စေတနာထားပြီး ပြု စုစောင့်ရှောက်မယ်ဆိုတာကို ဒေါက်တာတွေ ့ရမှာ ပဲလေ။ ကျွန်မကို ခွင့်ပြုပါဦး'

ဒေါက်တာနေလင်း၏ စကားအပြန်ကိုပင် မစောင့်တော့ဘဲ စောမြတ်နွယ်သည် သူ့ရှေ့မှ ချာကနဲ လှည့်ထွက်သွားတော့၏ ။ သူက ပေါ့ပါးသွက်လက်သော ခြေလှမ်းများ ဖြင့် လှေကားပေါ်သို့ တက်ကာ စောမြတ်နွယ် တစ်ယောက် ဒေါ်သူဇာ၏ အခန်းတွင် းသို့ ဝင်ရောက်ပျောက်ကွယ်သွားမှ ဟင်းကနဲ.... သက်ပြင်းရှည်ကြီးကိုချကာ ကားပေါ်သို့ တက်လိုက်သည်။

•••